ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၃၅ / ၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ဆိုသည်။

(ခ) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ-

(၁) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့်အခါတွင်-

(ကက) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(ခခ) ဆက်စပ်သည့်အဖွဲ့အစည်း၊

(ဂဂ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးနှင့်

(ဃဃ) ကုမ္ပဏီကို ထိန်းချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသော ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုလိုသည်။

(၂) ယေဘုယျအားဖြင့် ကုမ္ပဏီတစ်ခုအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့် အခါတွင်-

(ကက) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့်အတူတကွ လုပ်ကိုင်ဆောင်ရွက်နေသူ တစ်ဦးဦး သို့မဟုတ်

(ခခ) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခြားနည်းတစ်ရပ်ရပ်ဖြင့် တရားဝင် သော်လည်းကောင်း၊ တရားမဝင် သော်လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက်ဆောင်ရွက်မည့် ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ်

(ဂဂ) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် တစ်ဦးဦးကို ဆိုသည်။

(၃) သို့သော် အောက်ပါ အကြောင်းကြောင့်မျှဖြင့် အပိုဒ်ခွဲငယ် (၁) သို့မဟုတ် အပိုဒ်ခွဲငယ် (၂) အရ တွဲဖက်လုပ်ကိုင်သူတစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့်ကိစ္စရပ်တွင်မျှ ထည့်သွင်းခြင်း မပြုရ-

(ကက) အတတ်ပညာဆိုင်ရာကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှု တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့ အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စားပြုလုပ်ဆောင်ရွက်ခြင်း သို့မဟုတ်

(ခခ) ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီ တွင်ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားအဖြစ် ခန့်အပ်ခံရခြင်း။

(ဂ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ကော်မရှင်များ၊ ကော်မတီများ ကိုဆိုသည်။

(ဃ) **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့်စီမံကိန်းအမျိုးအစား** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတို့အရ သတ်မှတ်ထားသည့် စီမံကိန်းအမျိုးအစား ကို ဆိုသည်။

(င) **နိုင်ငံခြားကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယင်းကို ဆက်ခံသည့် ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် နိုင်ငံခြား ကုမ္ပဏီကို ဆိုသည်။

(စ) ကုမ္ပဏီတစ်ခုနှင့် ဆက်နွယ်နေသည့် **အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီကို ဆိုသည်။

(ဆ) **မြန်မာကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ပြီး မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယင်းကို ဆက်ခံသည့် ဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီကို ဆိုသည်။

(ဇ) **အသေးစားကုမ္ပဏီ** ဆိုသည်မှာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီမှအပ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိသော ကုမ္ပဏီကို ဆိုသည်-

(၁) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံကုမ္ပဏီများတွင် ၃၀ အထက် မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ယင်းအက်ဥပဒေကို ဆက်ခံမည့် အလားတူဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ဝန်ထမ်းအရေအတွက် အောက်တွင်ရှိခြင်း၊

(၂) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာ ဝင်ငွေစုစုပေါင်းသည် ကျပ် သန်း ၅၀ အောက်တွင်ရှိခြင်း သို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယင်းအက်ဥပဒေကို ဆက်ခံမည့် အလားတူဥပဒေအရ သတ်မှတ် ဖော်ပြထားသည့် ငွေပမာဏ အောက်တွင်ရှိခြင်း။

(ဈ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ-

(၁) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေ တစ်ခုခုနှင့် ကိုက်ညီလျှင် အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်-

(ကက) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ ဘုတ်အဖွဲ့ ဖွဲ့စည်းမှုအား ထိန်းချုပ်ထားခြင်း၊ သို့မဟုတ်

(ခခ) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ ထက်ဝက်ထက် ပိုသည့် မဲများကို အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ်

(ဂဂ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်း သော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှ တစ်ပါး အဆိုပါကုမ္ပဏီ၏ ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဝက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီမှ ပိုင်ဆိုင်ထားခြင်း၊ သို့မဟုတ်

(ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာများမှ တစ်ပါး အဆိုပါကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများ အပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုင်ခွင့်ရှိခြင်း။

(၂) အထက်အပိုဒ် (၁) ပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီသည့် လက်အောက်ခံ ကုမ္ပဏီမှ ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြား ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

(ည) **HS Code** (Harmonized System Code) ဆိုသည်မှာ ကမ္ဘာ့အကောက်အခွန် အဖွဲ့အစည်းက ရေးဆွဲ သတ်မှတ်ထားပြီး နိုင်ငံတော်၏ အကောက်ခွန်ဆိုင်ရာ အခွင့် အာဏာရှိသည့် အဖွဲ့အစည်းမှ အချိန်ကာလအလိုက် အသုံးပြုသည့် ကုန်ပစ္စည်းအမျိုး အစား ခွဲခြားသတ်မှတ်ခြင်း ဆိုင်ရာ စည်းဝါးညီစနစ် သို့မဟုတ် ကုန်ပစ္စည်း အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ စည်းဝါးညီ အကောက်ခွန်ဇယားကို ဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ** ဆိုသည်မှာ ကော်မရှင်ရုံး၏ ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေး ဌာနခွဲကို ဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက နည်းဥပဒေ ၂၈ အရ စည်းနှောင်မှုမရှိသည့် လမ်းညွှန်ချက်များ ရယူနိုင်ရန် ကော်မရှင်သို့ တင်ပြသည့် လျှောက်ထားလွှာကို ဆိုသည်။

(ဌ) **ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီ** ဆိုသည်မှာ နည်းဥပဒေ ၁၆၅ အရ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်။

(ဃ) **တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း** ဆိုသည်မှာ ဥပဒေပုဒ်မ ၄၁ အရ သတ်မှတ်ချက်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုဆိုသည်။

(ဏ) **ရင်းနှီးမြှုပ်နှံမှုမြှင့်တင်အားပေးလိုသည့်ကဏ္ဍများ** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၄၃ နှင့်အညီ ကော်မရှင်မှ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်မည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်အားပေးလိုသည့် လုပ်ငန်းအမျိုးအစားများ စာရင်းတွင် ပါဝင်သည့် ကဏ္ဍများကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ** ဆိုသည်မှာ နည်းဥပဒေ ၁၅၁ အရ ကော်မရှင်က ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ ကို ဆိုသည်။

(ထ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီရုံး** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများကို ဆိုသည်။

(ဒ) **အဆိုပြုချက်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ အဆိုပြုချက်များကို ကော်မရှင်က စိစစ်ရာတွင် အထောက်အကူပြုနိုင်ရန် ကော်မရှင်က နည်းဥပဒေ ၁၄၉ အရ ဖွဲ့စည်းထားသော အဆိုပြုချက် စိစစ်ရေးအဖွဲ့ ကိုဆိုသည်။

(ဓ) **ဆက်စပ်အဖွဲ့အစည်း** ဆိုသည်မှာ-

(၁) ကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်နေသည့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၊

(၂) ကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီ၊ သို့မဟုတ်

(၃) ကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်နေသည့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် လက်အောက်ခံကုမ္ပဏီကို ဆိုသည်။

(န) **ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၄၃ နှင့်အညီ ကော်မရှင်မှ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များကို ဆိုသည်။

(ပ) **ကုန်ကြမ်း** ဆိုသည်မှာ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် လိုအပ်သော ပစ္စည်းများဖြစ်ပြီး ယင်းတို့သည် သဘာဝအတိုင်းရှိသော သို့မဟုတ် မပြုပြင်ရသေးသော သို့မဟုတ် မသန့်စင်ရသေးသော ပစ္စည်းများကိုဆိုသည်။ ထို့ပြင် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ကုန်ပစ္စည်းများ၊ အဆင့်မြင့်တင် ထုတ်လုပ်မည့် ကုန်ချောပစ္စည်းအတွက် အသုံးပြုရသည့် ထုတ်လုပ်ပြီး ကုန်ပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီး ကုန်ပစ္စည်းနှင့် ထုပ်ပိုးရာတွင် လိုအပ်သော ပစ္စည်းများပါဝင်သည်။ ထိုပစ္စည်းများတွင် မပြုပြင်ရသေးသော သို့မဟုတ် သဘာဝအတိုင်း သို့မဟုတ် ထုတ်လုပ်အသုံးပြုရန် အသင့်ဖြစ်သော အကြမ်းထည်ပစ္စည်းများလည်း ပါဝင်သည်။

(ဖ) **အကူးအပြောင်းကာလ** ဆိုသည်မှာ ဤနည်းဥပဒေများ အကျိုးသက်ရောက်မှု စတင်သည့်နေ့မှ နောင် ၂၄ လ ကြာမြင့်သည့်ကာလကို ဆိုသည်။

(ဗ) **အလုပ်လုပ်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ သို့မဟုတ် အများပြည်သူရုံးပိတ်ရက်များမှ တစ်ပါး ကော်မရှင်ရုံးဖွင့်သည့် မည်သည့်နေ့ရက်ကိုမဆို ဆိုသည်။

(ဘ) **လျှောက်လွှာကြေး** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ကော်မရှင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အဆိုပြုချက်၊ အတည်ပြု လျှောက်ထားလွှာ၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာ သို့မဟုတ် မြေအသုံးပြုခွင့် လျှောက်ထားလွှာ တင်ပြရာတွင် ပေးသွင်းရမည့် အခကြေးငွေကို ဆိုသည်။

(မ) **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ** ဆိုသည်မှာ အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို အကောင်အထည် ဖော်ရန် သို့မဟုတ် တိုးချဲ့ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် ကော်မရှင်က အတည်ပြုသည့် အချိန်ကာလကို ဆိုလိုသည်။

## အခန်း(၂)

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ

### ခွင့်ပြုမိန့်ရယူရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ

၃။ ဥပဒေပုဒ်မ ၃၆ (က) ပါ ပြဋ္ဌာန်းချက်အလို့ငှာ အောက်ပါသတ်မှတ်ချက်တစ်ခုခုနှင့် ကိုက်ညီသော လုပ်ငန်းအမျိုးအစားကို နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအဖြစ် သတ်မှတ်သည်-

(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဆေးဝါးနည်းပညာ၊ ဇီဝ နည်းပညာနှင့် အခြားအလားတူနည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်း၊ မြို့သစ်ဖော်ထုတ်ခြင်း၊ သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်းနှင့် မီဒီယာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းစသည့် လုပ်ငန်းများအနက် လုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀ အထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက မြေ သို့မဟုတ် အခြားပိုင်ဆိုင်မှုပစ္စည်းအား အသုံးပြုခွင့်ပေးအပ်ခြင်း၊ ယင်းသို့ အသုံးပြုခွင့်ပေးအပ်ရန် သဘောတူညီမှုပြုလုပ်ခြင်း သို့မဟုတ် အလားတူ လုပ်ပိုင်ခွင့်ပေးအပ်ခြင်းတို့အရ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၂၀ အထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်း၊

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံ၏ နယ်နိမိတ်ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းတစ်လျှောက် သို့မဟုတ် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ဧရိယာအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူမှ အမေရိကန်ဒေါ်လာ ၁ သန်းထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်း၊

(ဃ) နိုင်ငံ၏နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံခြင်းတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူမှ အမေရိကန်ဒေါ်လာ ၁ သန်းထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်း၊

(င) နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှင့်တစ်ခု ဖြတ်ကျော်၍ ရင်းနှီးမြှုပ်နှံခြင်း၊

(စ) မြေဧက ၁၀၀၀ ထက်ပိုသော မြေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ရန် အတွက် ရင်းနှီးမြှုပ်နှံခြင်း ၊

(ဆ) မြေဧက ၁၀၀ ထက်ပိုသော မြေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားလုပ်ငန်း လုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်း ။

၄။ မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဥပဒေပုဒ်မ ၃၆ (ခ) ပါ မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအဖြစ် သတ်မှတ်သည်။

၅။ ဥပဒေပုဒ်မ ၃၆ (ဂ) ပါ ပြဋ္ဌာန်းချက်အလို့ငှာ အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုခုနှင့် ကိုက်ညီမှုရှိလျှင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသောသက်ရောက်မှု ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအဖြစ် မှတ်ယူရမည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားဖြစ်ခြင်း သို့မဟုတ် ဖြစ်နိုင်ချေရှိခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အပါအဝင် တည်ဆဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများအရ သတ်မှတ်ထားသည့် သို့မဟုတ် အဆိုပြုထားသည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ဧရိယာ၊ အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနယ်မြေများ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုအား အထောက် အပံ့ပြုရန် အရေးပါသည်ဟု ရွေးချယ်သတ်မှတ်ခံထားရသည့် ဧရိယာများနှင့် ယဉ်ကျေးမှု အမွေအနှစ်နှင့် သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှုအထိမ်းအမှတ်နှင့် မပြုမပြင်ဘဲ သဘာဝ အတိုင်း တည်ရှိနေသော ဧရိယာများတွင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အသုံးပြုမည့်မြေ သို့မဟုတ် ငှားရမ်းမည့်မြေသည်-

(၁) နိုင်ငံတော်၏ဥပဒေများနှင့်အညီ လျော်ကြေးပေး၍သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူခြင်း သို့မဟုတ် လျော်ကြေးပေး၍သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူရန် ကြိုတင်သဘောတူညီချက်ဖြင့်ပြုလုပ်ခြင်းနှင့်

ထိုကဲ့သို့ သိမ်းယူခြင်းကြောင့် ယင်းမြေ၌ အမြဲတမ်းနေထိုင်သူ ဦးရေ အနည်းဆုံး ၁ဂဂ ယောက် သို့မဟုတ် ၁ဂဂ ဧက အထက်အား ပြန်လည်နေရာချထား ပေးရန် လိုအပ်ခြင်း၊

(၂) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ဧက ၁ဂဂ ထက်ပို၍ ရယူရာတွင် မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ရှိသူတို့မှ အတင်းအကြပ် ပိတ်ပင်ခြင်းဖြင့် ဥပဒေအရ အသုံးပြုခွင့်ရှိသော ပုဂ္ဂိုလ်အား ဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်ခြင်း၊

(၃) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ဧက ၁ဂဂ ထက်ပို၍ ရယူရာတွင် ပုဂ္ဂိုလ်တစ်ဦးက ရိုးဖြောင့်သောသဘောဖြင့် တရားစွဲဆိုတောင်းဆိုခြင်း သို့မဟုတ် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်နေခြင်းတို့ကြောင့် အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပဋိပက္ခဖြစ်စေနိုင်ခြင်း သို့မဟုတ်

(၄) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကြောင့် လျှောက်ထားချိန်တွင် စိစစ်ခွင့်ရှိသည့် အဖွဲ့အစည်းက စိစစ်ထားသည့်မြေတွင် နေထိုင်သူဦးရေ အနည်းဆုံး ၁ဂဂ ယောက်အား ယင်းမြေတွင် ဆက်လက်နေထိုင်ခြင်းဖြင့် အခြားသောဆိုးကျိုး သက်ရောက်စေနိုင်ခြင်း။

၆။ ဥပဒေပုဒ်မ ၃၆ (ဃ) ပါ ပြဋ္ဌာန်းချက် အလို့ငှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည့်မြေ သို့မဟုတ် အဆောက်အဦတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းအား နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်။ ယင်းသို့ ဆိုရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အတွင်းမှ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လုပ်ထုံးလုပ်နည်းများအရ ခွင့်ပြုခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အခြားစီမံခန့်ခွဲခြင်းဖြင့် ပေါ်ပေါက်လာသော မြေအသုံးပြုခွင့်များ ပါဝင်ခြင်း မရှိစေရ။

၇။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၃၆ (ဃ) အရ အောက်ပါအခြေအနေများတွင် ခွင့်ပြုမိန့် လျှောက်ထားရန် မလိုအပ်ပါ-

(က) မြေ သို့မဟုတ် အဆောက်အအုံအား သက်တမ်း ငါးနှစ် သို့မဟုတ် ငါးနှစ်အောက် လျော့နည်း၍ ငှားယူခြင်း သို့မဟုတ် လိုင်စင်ရယူခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငှားရမ်းခြင်း ကတိစာချုပ်၊ သဘောတူစာချုပ် သို့မဟုတ် အခြားစာချုပ်အရ ခွင့်ပြုထားသည့် နည်းလမ်းဖြင့် တစ်ဆင့်ငှားယူခြင်း -

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် နိုင်ငံတော်၏ ဥပဒေနှင့်အညီ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသော ပုဂ္ဂိုလ် နှင့်

(၂) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအား တစ်ဆင့်ငှားယူရန် သို့မဟုတ် တစ်ဆင့်လိုင်စင်ရယူရန် အခွင့်ရှိသည့် ပုဂ္ဂိုလ်။

၈။ နည်းဥပဒေ ၇ (ခ) အရ တစ်ဆင့်ငှားရမ်းခြင်းခံရသော ရင်းနှီးမြှုပ်နှံသူသည် မြေ သို့မဟုတ် အဆောက်အအုံများ အသုံးပြုရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ မြေအသုံးပြုခြင်း သို့မဟုတ် အဆောက်အအုံ အသုံးပြုခြင်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် သဘောတူချုပ်ဆိုထားသည့် ငှားရမ်းခြင်း ကတိစာချုပ် သို့မဟုတ် သဘောတူစာချုပ်အရ ခွင့်ပြုထားသည့် နည်းလမ်းဖြင့်သာ အသုံးပြုရမည်။

၉။ ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စတင်ဆောင်ရွက်ချိန်တွင် ခွင့်ပြုမိန့်ရယူရန် မလိုအပ်သော်လည်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုပုံစံကို ပြောင်းလဲခြင်းကြောင့် ခွင့်ပြုမိန့်ရယူရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် အကျုံးဝင်သွားပါက ယင်းပြောင်းလဲမှု မဆောင်ရွက်မီ ကော်မရှင်ထံသို့ အဆိုပြုချက်တင်ပြရမည်။

၁၀။ နည်းဥပဒေ ၃၊ ၄ နှင့် ၅ ပါ ငွေကြေးပမာဏများ ၊ မြေဧရိယာများကို သတ်မှတ်ရာတွင် ရင်းနှီးမြှုပ်နှံသူများနှင့် ယင်း၏တွဲဖက်လုပ်ကိုင်သူများအားလုံး၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ၏ စုစုပေါင်းပမာဏကို ဆိုလိုသည်ဟု မှတ်ယူရမည်။

၁၁။ ဤနည်းဥပဒေများတွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဥပဒေပုဒ်မ ၄၆ အရ ခွင့်ပြုချက်ရယူရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည့် အခြေအနေများအား သတ်မှတ်ရာတွင်လည်းကောင်း၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏတွင် ငွေသားဖြင့်ထည့်ဝင်ရမည့် အနည်းဆုံးမတည်ငွေရင်းအချိုးအစားအား သတ်မှတ်ခြင်းအပါအဝင် ခွင့်ပြုမိန့်ထုတ်ပေးရန် သို့မဟုတ် အဆိုပြု

ချက်အားစိစစ်ရန် အခြားစည်းကမ်းချက်များ သို့မဟုတ် သတ်မှတ်ချက်များ ချမှတ်ရာတွင် လည်းကောင်း ကန့်သတ်ခြင်း မရှိစေရ။

**တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

၁၂။ ကော်မရှင်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၄၁ အရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၁၃။ အခြားဥပဒေများအား ကန့်သတ်မှုမရှိစေဘဲ နည်းဥပဒေ ၁၂ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာတွင် မပါရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဥပဒေအရ တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် မသတ်မှတ်ရ။

၁၄။ မည်သည့်ပုဂ္ဂိုလ်မဆို တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်ခြင်းမပြုရ။

၁၅။ ဥပဒေပုဒ်မ ၄၁ (က) တွင် ဖော်ပြထားသည့် ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းဆိုသည်မှာ တည်ဆဲဥပဒေများအရ နိုင်ငံတော်အတွင်း တင်သွင်းရန်၊ တင်ပို့ရန်၊ သိုလှောင်ရန်၊ ကုန်သွယ်ရန်၊ ထုတ်လုပ်ရန် သို့မဟုတ် အခြားနည်းလမ်းဖြင့် ပြောင်းလဲထုတ်လုပ်ရန် တားမြစ်ထားသည့်ပစ္စည်းကို ဆိုသည်။ ဥပဒေဖြင့် အတိအလင်း ခွင်းချက်ပြုခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုခြင်းမှအပ အဆိုပါ ပစ္စည်းများအား ထုတ်လုပ်သော သို့မဟုတ် အသုံးပြု၍ ထုတ်လုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် တားမြစ်သည့် လုပ်ငန်းများ ဖြစ်သည်။

၁၆။ ကော်မရှင်သည်-

(က) တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ယင်းနှင့်ဆက်နွယ်သည့် လုပ်ငန်းအမျိုးအစားတွင် ပါဝင်ဆောင်ရွက်နေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ၎င်းရင်းနှီးမြှုပ်နှံသူထံမှ သတင်းအချက်အလက်များ တောင်းခံနိုင်သည်။

(ခ) တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် မည်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုမဆို ခေတ္တဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) စစ်ဆေးပေါ်ပေါက်ချက်အရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်နေကြောင်း သိရှိပါက ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ရုပ်သိမ်းရမည်။

## ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

၁၇။ ကော်မရှင်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၄၂ အရ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဥပဒေပုဒ်မ ၄၃ အရ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်၍ ဥပဒေပုဒ်မ ၄၄ အရ ယင်းတို့အား ပြင်ဆင်နိုင်သည်။ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်သည့်ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြားသက်ဆိုင်သည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ နည်းဥပဒေ ၁၇ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာအား ပြင်ဆင်ရန် ထည့်သွင်းစဉ်းစားရာတွင် ကော်မရှင်မှ ဆွေးနွေးနိုင်ခွင့်၊ အကြံဉာဏ်တောင်းခံနိုင်ခွင့်အား ဥပဒေပုဒ်မ ၄၅ အရ ကန့်သတ်ခြင်းမရှိစေရ။

၁၉။ အခြားမည်သည့် ဥပဒေတွင် ကန့်သတ်ထားစေကာမူ နည်းဥပဒေ ၁၇ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာတွင် မပါရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဥပဒေအရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် မသတ်မှတ်ရ။

၂၀။ ဥပဒေပုဒ်မ ၄၂ (က) နှင့် အခြားသက်ဆိုင်ရာဥပဒေများအရ နိုင်ငံတော်မှသာ ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ရင်းနှီးမြှုပ်နှံသူနှင့် စာချုပ်ချုပ်ဆိုနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူမှ ပါဝင်ဆောင်ရွက်ခြင်းအား စာချုပ်ပါအတိုင်းအတာအရ ခွင့်ပြုနိုင်သည်။

၂၁။ ဥပဒေပုဒ်မ ၄၂ (ခ) အရ သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူမှ ဆောင်ရွက်နိုင်သည်။

၂၂။ ဥပဒေပုဒ်မ ၄၂ (ဂ) အရ အမိန့်ကြော်ငြာစာတွင် အတိအလင်းဖော်ပြ၍ ခြွင်းချက်ပြုထားသည့် လုပ်ငန်းများမှတစ်ပါး ဖက်စပ်လုပ်ငန်းတစ်ခုတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူသည် အနည်းဆုံး တိုက်ရိုက်အစုရှယ်ယာ သို့မဟုတ် အကျိုးစီးပွား အချိုးကို ၂၀ ရာခိုင်နှုန်း ထည့်ဝင်ရမည်။

## ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အကြောင်းကြားခြင်း

၂၃။ ဥပဒေပုဒ်မ ၄၂ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူသည် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကော်မရှင်ရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသို့ အကြောင်းကြားစာ ပေးပို့ရမည်။

၂၄။ နည်းဥပဒေ ၂၃ အရ ပေးပို့ရမည့် အကြောင်းကြားစာအား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စတင် အကောင်အထည်ဖော်သည့်နေ့မှစ၍ သုံးလ အတွင်း ကော်မရှင်ရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသို့ ပေးပို့ရမည်။

၂၅။ နည်းဥပဒေ ၂၃ အရ အကြောင်းကြားစာ ပေးပို့ခြင်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အဆိုပြုချက် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာ တင်ပြဆဲဖြစ်သည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အသေးစားကုမ္ပဏီများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အခန်း(၃)
## ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများ

၂၆။ ကော်မရှင်သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၇။ အခြားလုပ်ပိုင်ခွင့် သို့မဟုတ် အခြားနည်းဥပဒေများ၏ အကျိုးသက်ရောက်မှုအား ကန့်သတ်ခြင်းမရှိဘဲ ကော်မရှင်သည် မည်သည့်အချိန်တွင်မဆို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မခံစားမီ အနည်းဆုံး ပြည့်မီရန် လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် အများဆုံးခံစားခွင့်ရှိသည့် အခွန်ကင်းလွတ်ခွင့်တန်ဖိုးကို သတ်မှတ်နိုင်သည်။ အဆိုပါ အနည်းဆုံးပြည့်မီရမည့် စံသတ်မှတ်ချက်တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ၏ အချိုးတစ်ခုကို ငွေသားရင်းနှီးမြှုပ်နှံမှုအဖြစ် ပါဝင်စေရန် သတ်မှတ်နိုင်သည်။

## အခန်း(၄)
## ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာ တင်သွင်းခြင်းနှင့် လမ်းညွှန်ချက် ထုတ်ပေးခြင်း

၂၈။ ရင်းနှီးမြှုပ်နှံလိုသူသည် အောက်ဖော်ပြပါ အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပေါ်တွင် စည်းနှောင်မှု မရှိသည့် လမ်းညွှန်ချက်ရယူရန်အတွက် ကော်မရှင်မှသတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှု စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာဖြင့် ကော်မရှင်ထံ တင်ပြနိုင်သည် -

(က) ဥပဒေပုဒ်မ ၃၆ အရ ကော်မရှင်ထံ အဆိုပြုချက်တင်ပြရန် လိုအပ်သောလုပ်ငန်းများ၊

(ခ) ဥပဒေပုဒ်မ ၄၆ အရ ခွင့်ပြုချက်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ယူရန် လိုအပ်နိုင်သည့် လုပ်ငန်းများ၊

(ဂ) ဥပဒေပုဒ်မ ၄၂ နှင့် ယင်းနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာအရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့်ကဏ္ဍတွင်အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံလုပ်ငန်းများ၊

(င) ဥပဒေပုဒ်မ ၄၁ အရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၂၉။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာတွင် -

(က) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသဘာဝအား ပြည့်စုံစွာ ဖော်ပြရမည်၊

(ခ) ကော်မရှင်မှစိစစ်ရာတွင် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးက စဉ်းစားဆောင်ရွက်ရမည့် အချက် အလက်များအားလုံးကို ဖော်ပြရမည်၊

(ဂ) အချက်အလက်များအား မှန်ကန်စွာ ဖော်ပြရမည်

၃၀။ ရင်းနှီးမြှုပ်နှံလိုသူမှ ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းလျှောက်ထားလွှာ တင်ပြပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးအား ပေးသွင်းပြီးပါက ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှု စုံစမ်းမေးမြန်းခြင်း လျှောက်ထားလွှာအား စိစစ်ရမည်။

၃၁။ ကော်မရှင်သည်-

(က) ပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှု စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာဖြစ်ပါက အလုပ်လုပ်ရက် ၁၀ ရက်အတွင်း စိစစ်ရမည်၊

(ခ) ရင်းနှီးမြှုပ်နှံသူထံမှ အချက်အလက်များတောင်းခံရန် လိုအပ်ပါက စိစစ်ရေးအချိန်ကာလကို ထပ်မံ တိုးမြှင့်နိုင်သည်။

၃၂။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာကို သတ်မှတ်အချိန်ကာလ အတွင်း စိစစ်ပြီးနောက် စည်းနှောင်မှုမရှိသည့် လမ်းညွှန်ချက်များကို ထုတ်ပြန်ပေးရမည်။

၃၃။ နည်းဥပဒေ ၃၂ အရ ထုတ်ပြန်ပေးသည့် လမ်းညွှန်ချက်သည် ဥပဒေနှင့်အညီ လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်ဟုသာ မှတ်ယူရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိရန် အလားအလာရှိ မရှိအား ကြိုတင် သိနိုင်ခွင့်ရှိသည်ဟု မမှတ်ယူရ။

၃၄။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှ တောင်းခံသည့် အချက်အလက်များကို တောင်းခံသည့် နေ့မှစ၍ အလုပ်လုပ်ရက် ၁၀ ရက်အတွင်း သို့မဟုတ် ကော်မရှင်မှ ထပ်မံတိုးမြှင့်သည့် အချိန်ကာလ အတွင်း ပေးအပ်ခြင်းမရှိပါက လျှောက်ထားလွှာအား ပယ်ဖျက်နိုင်သည်။

၃၅။ နည်းဥပဒေ ၂၉ ပါ အချက်များ ပြင်ဆင်ပြောင်းလဲပါက ကော်မရှင်သည် နည်းဥပဒေ ၃၂ အရ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်အား ပြင်ဆင်သင့်ကြောင်း ဆုံးဖြတ်နိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

## အခန်း(၅)
## ရင်းနှီးမြှုပ်နှံမှုအတွက်တင်ပြလျှောက်ထားမှု

၃၆။ တင်ပြလျှောက်ထားလွှာကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) စာဖြင့်ရေးသားရမည်၊

(ခ) မြန်မာဘာသာဖြင့် ရေးသားရမည်၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့် ရေးသားလိုက ရေးသားနိုင်သည်၊

(ဂ) အဆိုပြုချက် ဖြစ်ပါက အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကျဉ်းချုပ်အား မြန်မာဘာသာဖြင့် ရေးသားရမည်၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့် ရေးသားလိုက ရေးသားနိုင်သည်၊

(ဃ) သက်ဆိုင်ရာ လျှောက်ထားသူမှ လက်မှတ်ရေးထိုးရမည်၊

(င) သတ်မှတ်ထားသည့် ပုံစံဖြင့် ဖြည့်စွက်ရမည်၊

(စ) ကော်မရှင်မှ သတ်မှတ်ထားသည့် အချက်အလက်များ ပါဝင်ရမည်၊

(ဆ) ယင်းအချက်အလက်များသည် ပြည့်စုံမှန်ကန်ရမည်ဖြစ်ပြီး လိမ်လည်ဖော်ပြခြင်း မပြုရ၊

(ဇ) ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီရုံးထံ လျှောက်ထားတင်ပြရမည်၊

(ဈ) သက်ဆိုင်ရာ တင်ပြလျှောက်ထားမှု လျှောက်လွှာကြေး ပေးသွင်းရမည်၊

၃၇။ ရင်းနှီးမြှုပ်နှံသူသည် အောက်ဖော်ပြပါကိစ္စရပ်များအား တင်ပြလျှောက်ထားလွှာတွင် ဖော်ပြရန် မလိုသော်လည်း ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိပြီးသည့်အခါ ကော်မရှင်သို့ တင်ပြရမည်ဖြစ်ပြီး ကော်မရှင်ရုံးသည် ရင်းနှီးမြှုပ်နှံသူထံမှ တင်ပြလာသော ယင်းအချက်အလက်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အကြောင်းကြားရမည် -

(က) ပြည်ပချေးငွေဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရမည်ဆိုပါက ရယူမည့် ချေးငွေပမာဏ၊ ချေးငွေအရင်းနှင့်အတိုး၊ ပြန်လည်လွှဲပို့မည့်ပမာဏနှင့် အချိန်ကာလများ တိကျစွာဖော်ပြပါရှိသော ချေးငွေပေးဆပ်မှု အစီအစဉ်ဇယား၊

(ခ) ပြည်ပမှလွှဲပို့မည့် မတည်ရင်းနှီးငွေနှင့် ချေးငွေများအား လွှဲပြောင်းလက်ခံမည့်ဘဏ်၊ လွှဲပြောင်းပေးချေမည့် ဘဏ်လမ်းကြောင်းများ။

၃၈။ နည်းဥပဒေ ၃၆ (ဂ) အရ တင်ပြသည့် အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကျဉ်းချုပ်တွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွား သိသာထင်ရှားစွာ ပါဝင်သော အခြားပုဂ္ဂိုလ်များ၊

(ခ) ရင်းနှီးမြှုပ်နှံမှု၏ အဓိကတည်နေရာ သို့မဟုတ် တည်နေရာများ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြုလုပ်မည့်ကဏ္ဍနှင့် ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ ဖော်ပြချက်၊

(ဃ) အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုပမာဏ၊

(င) ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်မည့် ခန့်မှန်းအချိန်ဇယား အပါအဝင် အစီအစဉ် ဖော်ပြချက်၊

(စ) ခန့်ထားမည့် အလုပ်သမားဦးရေနှင့် ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် ပို့ကုန်ဝင်ငွေ၊

(ဆ) ကော်မရှင်မှ အခါအားလျော်စွာ သတ်မှတ်မည့် အခြားသတင်းအချက်အလက်များ။

၃၉။ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရေးအဖွဲ့အစည်းအဖြစ် ဥပဒေအရ မဖွဲ့စည်းရသေးလျှင် ယင်းကဲ့သို့ စီးပွားရေးအဖွဲ့အစည်းအဖြစ် ဥပဒေအရ ဖွဲ့စည်းရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်သည် ရင်းနှီးမြှုပ်နှံသူအဖြစ် အဆိုပြုချက်ကို တင်ပြနိုင်သည်။ စီးပွားရေးအဖွဲ့အစည်းအဖြစ် ဥပဒေအရ ဖွဲ့စည်းခြင်းသည် ခွင့်ပြုချက်ထုတ်ပေးရန်အတွက် စည်းကမ်းချက်ဖြစ်ပြီး ဥပဒေအရ သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ တာဝန်ဝတ္တရားများအား ပြောင်းလဲခြင်း မရှိစေရ။

၄၀။ ကော်မရှင်သည် ၎င်း၏အခြားလုပ်ပိုင်ခွင့်များအား ကန့်သတ်ခြင်းမပြုဘဲ တင်ပြလျှောက်ထားမှုအား ထည့်သွင်းစဉ်းစားရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အဆိုပြုချက်နှင့်စပ်လျဉ်း၍ အကျိုးစီးပွားတွင် ပါဝင်သူများ၊ ဆုံးဖြတ်ချက်ကြောင့် အကျိုးသက်ရောက်မှုရှိမည့် ပုဂ္ဂိုလ်များနှင့် ဆွေးနွေး၍ ဆုံးဖြတ်ချက်အတွက် သင့်လျော်မည့် သတင်းအချက်အလက်များ

ရယူနိုင်သည်။ သို့ရာတွင် ယင်းအချက်အလက်များ ထည့်သွင်းစဉ်းစားခြင်း ပြု၊ မပြုကို ကော်မရှင်၏ ဆန္ဒအရ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

## အခန်း (၆)

## အဆိုပြုချက်တင်ပြခြင်းနှင့်စိစစ်ခြင်း

၄၁။ (က) အပိုဒ်ခွဲ (ခ) ကို လိုက်နာ၍ အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ဥပဒေပုဒ်မ ၃၆ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အကျုံးဝင်ပါက ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့် ရယူရန် ကော်မရှင်သို့ အဆိုပြုချက်တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုမိန့်ရရှိပြီးမှသာ ရင်းနှီးမြှုပ်နှံရမည်။

(ခ) အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ခွင့်ပြုမိန့်ကိုင်ဆောင်ထားသည့် အခြားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် စီပွားရေးအဖွဲ့အစည်းက ပြုလုပ်လိုလျှင် နည်းဥပဒေ ၂၃၇ တွင် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှတစ်ပါး အပိုဒ်ခွဲ(က) အရ ခွင့်ပြုမိန့် ထပ်မံရယူရန် မလိုအပ်။

(ဂ) ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်ကသတ်မှတ်ထားသည့် အဆိုပြုချက် လျှောက်လွှာကြေးကို ပေးသွင်းရမည်။

၄၂။ နည်းဥပဒေ ၄၁ အရ ကော်မရှင်သို့ အဆိုပြုချက် တင်ပြသည့် ရင်းနှီးမြှုပ်နှံလိုသူသည် ကော်မရှင်သို့ အဆိုပြုချက်တင်ပြ၍ ခွင့်ပြုမိန့်ရရှိပြီးမှသာ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရမည်ဖြစ်ပြီး၊ ခွင့်ပြုမိန့်တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ အားလုံးကို လိုက်နာရမည်။

၄၃။ အဆိုပြုချက်အား အောက်ဖော်ပြပါပုဂ္ဂိုလ်များက လျှောက်ထားရမည်-

(က) ရင်းနှီးမြှုပ်နှံလိုသူ၊

(ခ) ရင်းနှီးမြှုပ်နှံလိုသူ၏အခွင့်ရကိုယ်စားလှယ်၊

(ဂ) ရင်းနှီးမြှုပ်နှံလိုသူ၏ လုပ်ငန်းတွင်ပါဝင်သော လက်အောက်ခံကုမ္ပဏီ။

၄၄။ အဆိုပြုချက် တင်ပြလျှောက်ထားရာတွင် ဥပဒေပုဒ်မ ၃၆ ပါ ခွင့်ပြုမိန့်ရယူရမည့်လုပ်ငန်းများအနက် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြရမည်-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ရင်းနှီးမြှုပ်နှံမှုတွင် သိသာထင်ရှားသည့် ပိုင်ဆိုင်မှု အကျိုးစီးပွားရှိခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ရင်းနှီးမြှုပ်နှံသူအား လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုထားခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ရည်ရွယ်ထားခြင်း၊

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဥပဒေအရ ယင်းသို့ဆောင်ရွက်ရန် လိုအပ်ခြင်း သို့မဟုတ် အခွင့်အာဏာပေးအပ်ထားခြင်း။

၄၅။ ကော်မရှင်သည် အဆိုပြုချက်အား စိစစ်ရန် လက်ခံပြီးနောက် အဆိုပြုချက်အကျဉ်းချုပ်ကို အများပြည်သူသိရှိနိုင်ရန် လက်ခံရရှိသည့်နေ့မှ အလုပ်လုပ်ရက် ၁၀ ရက် အတွင်း ထုတ်ပြန်နိုင်သည်။

၄၆။ ရင်းနှီးမြှုပ်နှံလိုသူသည် မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရယူလိုပါက မြေအသုံးပြုခွင့်လျှောက်ထားလွှာ သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာများကို အဆိုပြုချက်နှင့်အတူ တင်ပြနိုင်သည်။

**အဆိုပြုချက်စိစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း**

၄၇။ အဆိုပြုချက်ကို အရည်အချင်းပြည့်မီခြင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ ကော်မရှင်ရုံး သို့မဟုတ် ကော်မရှင်မှ သတ်မှတ်ထားသည့် နေရာတစ်ခုခုတွင် ကော်မရှင်ရုံးက စိစစ်ရမည်။ အဆိုပြုချက်သည် သတ်မှတ်ချက်များ ပြည့်စုံပါက အဆိုပြုချက်ကို လက်ခံ၍ အဆိုပြုချက်စိစစ်ရေးအဖွဲ့မှ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကော်မရှင်အစည်းအဝေးသို့ တင်ပြရမည်။

၄၈။ နည်းဥပဒေ ၄၇ အရ တင်ပြသည့် အဆိုပြုချက်ကို လက်ခံရရှိသည့်အခါ ကော်မရှင်သည် အဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ခွင့်ပြုရန်သင့်၊ မသင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့်ပေးရန် မသင့်ဟု ဆုံးဖြတ်ပါက ယင်းအဆိုပြုချက် လက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ငြင်းပယ်နိုင်သည်။ ကော်မရှင်သည် အဆိုပြုချက်ကို ငြင်းပယ်ပါက ရင်းနှီးမြှုပ်နှံသူ ထံသို့ ငြင်းပယ်ရခြင်း အကြောင်းအရင်းကို ရှင်းလင်းဖော်ပြရမည်ဖြစ်ပြီး ငြင်းပယ်သည့်နေ့မှစ၍ အလုပ်လုပ်ရက် ငါး ရက်အတွင်း အကြောင်းကြားရမည်။ အကယ်၍ အဆိုပြုချက်အား ငြင်းပယ်ခြင်း မပြုပါက လက်ခံသည်ဟု မှတ်ယူရမည်။

၄၉။ ကော်မရှင်သည် ယင်းအဆိုပြုချက် လက်ခံသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်းစိစစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ခွင့်ပြုရန် ဆုံးဖြတ်ပါက ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက်

အတွင်း ခွင့်ပြုမိန့် ထုတ်ပေးရမည်။ ခွင့်ပြုမိန့်မိတ္တူကို လုပ်ငန်းဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့လည်း ပေးပို့ရမည်။

၅၀။ ကော်မရှင်သည် ခွင့်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော လက်အောက်ခံကုမ္ပဏီအား ခွင့်ပြုပေးနိုင်သည်။

၅၁။ အခြားနည်းဥပဒေများအား ကန့်သတ်ခြင်းမရှိဘဲ ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့နှင့်စပ်လျဉ်းသည့် ခွင့်ပြုချက်ကို -

(က) အဆိုပြုထားသော သို့မဟုတ် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများနှင့်ပတ်သက်၍ ခွင့်ပြုနိုင်သည်၊

(ဂ) ခံဝန်ကတိဖြင့် ပေးချေမှုပြုလုပ်ခြင်းနှင့်အညီ ခွင့်ပြုနိုင်သည်၊

(ဃ) သတ်မှတ်ထားသည့် အချိန်ကာလအတွက် ခွင့်ပြုနိုင်သည် သို့မဟုတ်

(င) အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ခွင့်ပြုနိုင်သည်။

၅၂။ နည်းဥပဒေ ၄၉ အရ သတ်မှတ်ထားသည့် အဆိုပြုချက် စိစစ်သည့် အချိန်ကာလအား အောက်ဖော်ပြပါအခြေအနေတစ်ခုခုတွင် ဆိုင်းငံ့ထားနိုင်သည်-

(က) ကော်မရှင်သည် အဆိုပြုချက်အား စိစစ်ရန်နှင့် ခွင့်ပြုမိန့်နှင့် အခြားဆက်စပ်သည့် လျှောက်ထားလွှာများအား ဆုံးဖြတ်ချက်ချရန် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အခြားအဖွဲ့အစည်းထံမှ အချက်အလက်များ ထပ်မံ၍ တောင်းခံရန်လိုအပ်ခြင်း၊

(ခ) ဥပဒေပုဒ်မ ၄၆ အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်ခြင်း။

၅၃။ ကော်မရှင်သည် အဆိုပြုချက်စိစစ်ခြင်း အချိန်ကာလဆိုင်းငံ့ခြင်းကို တစ်ကြိမ်ထက်ပို၍ ဆိုင်းငံ့ထားနိုင်သည်။ ကော်မရှင်ရုံးသည် အချိန်ကာလ ဆိုင်းငံ့ထားခြင်းကို ရင်းနှီးမြှုပ်နှံသူ သိရှိစေရန် အကြောင်းကြားရမည်။

၅၄။ ကော်မရှင်သည် နည်းဥပဒေ ၅၇ အရ အချက်အလက်များ ရရှိသည့်အခါ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုချက်ရရှိသည့်အခါ အချိန်ကာလ ဆိုင်းငံ့ထားခြင်းကိုရပ်စဲ၍ အချိန်သတ်မှတ်ချက်များကို ပြန်လည်စတင်ရမည်။

၅၅။ ကော်မရှင်အတွင်းရေးမှူးသည် အဆိုပြုချက် သို့မဟုတ် အဆိုပြုချက်နှင့် သက်ဆိုင်သည့် အခြားအခြေအနေများသည် ရှုပ်ထွေးသော သို့မဟုတ် အသစ်အဆန်းဖြစ်သော အခြေအနေမျိုးတွင် အချိန်သတ်မှတ်ချက် တိုးမြှင့်ခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးစီးပွားရှိစေနိုင်သည်ဟု ယူဆပါက နည်းဥပဒေ ၄၉ အရ အဆိုပြုချက် စိစစ်သည့်အချိန်ကာလအား ထပ်မံတိုးမြှင့်နိုင်သည်။ အချိန်သတ်မှတ်ချက်အား ဤနည်းဥပဒေအရ တစ်ကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်နိုင်ပြီး သက်တမ်းတိုးမြှင့်ကြောင်းကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

၅၆။ ကော်မရှင်သည် အဆိုပြုချက်စိစစ်ရေးအဖွဲ့ သို့မဟုတ် ကော်မရှင်အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ယင်း၏ အခွင့်ရကိုယ်စားလှယ်အား တက်ရောက်စေရမည်။ လိုအပ်ပါက လုပ်ငန်းသဘာဝအရ သက်ဆိုင်သည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ဘာသာရပ်ကျွမ်းကျင်သူများကို ဖိတ်ကြား တက်ရောက်စေရမည်။

၅၇။ ကော်မရှင်သည် အဆိုပြုချက်အား လက်ခံခြင်းမပြုမီနှင့် ကော်မရှင်အစည်းအဝေးသို့ မတင်ပြမီ လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ရင်းနှီးမြှုပ်နှံသူထံမှ အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အချက်အလက်များအား ထပ်မံတောင်းခံနိုင်သည်။

၅၈။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၅၇ အရ ကော်မရှင်မှ ထပ်မံတောင်းခံသည့် အချက်အလက်များအား တောင်းဆိုခံရသည့်နေ့မှ အလုပ်လုပ်ရက် ၂၀ ရက်အတွင်း သို့မဟုတ် ကော်မရှင်က ခွင့်ပြုသည့် ထပ်တိုးအချိန်ကာလအတွင်း ပေးရမည်။

၅၉။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူမှ နည်းဥပဒေ ၅၈ ပါ သတ်မှတ်အချိန်ကာလအတွင်း ထပ်မံတောင်းခံသည့် အချက်အလက်များကို ပေးနိုင်ခြင်းမရှိပါက အဆိုပြုချက်အား ငြင်းပယ်နိုင်သည်။

၆၀။ အဆိုပြုချက်ပျက်ပြယ်သော်လည်း ရင်းနှီးမြှုပ်နှံသူမှ ယင်းအဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ရယူလိုပါက အဆိုပြုချက်ကို ထပ်မံတင်ပြရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးများအား ထပ်မံပေးဆောင်ရမည်။

၆၁။ ကော်မရှင်သည် အဆိုပြုချက်ကို စိစစ်ရာတွင် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် လူပုဂ္ဂိုလ် သို့မဟုတ် အခြားလိုအပ်သောအရင်းအမြစ်များကို ကော်မရှင်သို့ ပံ့ပိုးပေးရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်နေပါက ကော်မရှင်သည် စိစစ်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း သို့မဟုတ်

ခွင့်ပြုမိန့်တွင် ပါဝင်ရမည့် အခြားအခြေအနေများအဖြစ် ထည့်သွင်းစဉ်းစားရာတွင်လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ သို့မဟုတ် ပါဝင်ပတ်သက်သူများနှင့် သီးခြားဆွေးနွေးတိုင်ပင်ရန်၊ သဘောထားရယူရန် လိုအပ်ခြင်းရှိ၊ မရှိ ထည့်သွင်းစဉ်းစားနိုင်သည်။

၆၂။ ကော်မရှင်သည် အဆိုပြုချက်ကို စိစစ်ရာတွင် ဥပဒေနှင့်ကိုက်ညီခြင်း မရှိလျှင်ဖြစ်စေ ခွင့်ပြုမိန့် ပေးရန်အတွက် အရည်အချင်းပြည့်မီခြင်းမရှိဟု ယူဆလျှင်ဖြစ်စေ ယင်းအဆိုပြုချက်အား အချိန်မရွေး ငြင်းပယ်နိုင်သည်။

၆၃။ ကော်မရှင်သည် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များအား ထပ်မံထုတ်ပြန်နိုင်သည်။

**အဆိုပြုချက်စိစစ်ရေးအတွက် သတ်မှတ်ချက်များ**

၆၄။ ကော်မရှင်သည် အဆိုပြုချက်စိစစ်ရာတွင် နိုင်ငံ၏အကျိုးစီးပွားကို အဓိကထား၍ ဥပဒေ၏ ရည်ရွယ်ချက်များ၊ အခြေခံသဘောတရားများ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ထည့်သွင်း စဉ်းစားရမည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ကို စိစစ်ရာ တွင် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ကိုထည့်သွင်း စဉ်းစားရမည်-

(က) ရင်းနှီးမြှုပ်နှံလိုသူသည် နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ခွင့်ပြုမိန့် လိုအပ်သည့် လုပ်ငန်းတစ်ခုဖြစ်ခြင်း၊

(ဂ) အဆိုပြုချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှုရှိခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်မှုအား လျှော့ချစေခြင်းနှင့်ရှောင်ကျဉ်ခြင်းအားဖြင့် တာဝန်ယူမှုရှိသော၊ ရေရှည် ခိုင်မာသော အပြုအမူဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်ရန် ကတိကဝတ်ပြု ဖော်ပြခြင်း၊ ယင်းကတိကဝတ်ပြုဖော်ပြချက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများ လူ့အခွင့်အရေး ဆိုင်ရာလေးစားလိုက်နာမှုနှင့် သဘာဝအရင်းအမြစ်များအား ထိရောက်သောနည်းပညာ နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာတို့ဖြင့် ကျင့်သုံးဆောင်ရွက်မှုများအား ကန့်သတ်ခြင်း မရှိဘဲ ပါဝင်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ စီမံခန့်ခွဲမှုတွင် ပါဝင်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ သို့မဟုတ် တွဲဖက်လုပ်ကိုင်သူသည် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာအတွေ့အကြုံများနှင့် စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ငွေကြေးထည့်ဝင်နိုင်ကြောင်း ကတိကဝတ်ပြုခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်း ကောင်းမွန်ခြင်း၊

(ဇ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် အကျိုးသက်ရောက်မည့် ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများမှ ထုတ်ပြန်ထားသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမူဝါဒရည်မှန်းချက်များအား ထည့်သွင်းစဉ်းစားလျက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ခြင်း။

၆၅။ ကော်မရှင်သည် နည်းဥပဒေ ၆၄ နှင့်အညီ အဆိုပြုချက် စိစစ်ရာတွင် -

(က) သတ်မှတ်ချက်အားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နည်းဥပဒေ ၆၄ (က) မှ (ဂ) အထိ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် မဖြစ်မနေ ကိုက်ညီရမည့်အပြင် နည်းဥပဒေ ၆၄ (ဃ) မှ (ဇ) အထိ သတ်မှတ်ချက်များမှ ရင်းနှီးမြှုပ်နှံသူနှင့် အဆိုပြုချက်အတွက် သက်ဆိုင်မှုအရှိဆုံး သတ်မှတ်ချက်အား စဉ်းစားဆုံးဖြတ်ရမည်၊

(ခ) မဖြစ်မနေရှိရမည့် သတ်မှတ်ချက်များ ကိုက်ညီမှုရှိ၊ မရှိနှင့် မဖြစ်မနေမဟုတ်သော သက်ဆိုင်မှုရှိသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိ၊ မရှိ ဆုံးဖြတ်ရမည်။

၆၆။ နည်းဥပဒေ ၆၄ (ဆ) ပါ ပြဋ္ဌာန်းချက်အလို့ငှာ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်းကောင်းမွန်ခြင်း ရှိ၊ မရှိ စိစစ်ရာတွင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်ဆောင်ရွက်သည့် သို့မဟုတ် အကျိုးစီးပွားပါဝင်သည့် တွဲဖက်လုပ်ကိုင်သူသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ အလုပ်သမားဆိုင်ရာဥပဒေ၊ အခွန်

ဆိုင်ရာဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာဥပဒေများအရ ပြစ်ဒဏ်ကျခံခဲ့ဖူးခြင်း သို့မဟုတ် ဥပဒေချိုးဖောက်ခဲ့ခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားနိုင်သည်။

## အခန်း(၇)

## အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းနှင့် စိစစ်ခြင်း

၆၇။ ဥပဒေ ပုဒ်မ ၃၆ တွင် အကျုံးဝင်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အတည်ပြုလျှောက်ထားလွှာကို ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသို့ တင်ပြလျှောက်ထားနိုင်သည်-

(က) ရင်းနှီးမြှုပ်နှံသူ၊

(ခ) ရင်းနှီးမြှုပ်နှံသူ၏ အခွင့်ရကိုယ်စားလှယ်၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ပါဝင်သော လက်အောက်ခံကုမ္ပဏီ။

၆၈။ ရင်းနှီးမြှုပ်နှံသူသည်-

(က) သက်ဆိုင်ရာ မြေအသုံးပြုခွင့်လျှောက်ထားလွှာ သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာအား အတည်ပြုလျှောက်ထားလွှာနှင့်အတူ တစ်ပြိုင်နက်တည်း တင်ပြလျှောက်ထားနိုင်သည်။

(ခ) ကော်မရှင်က သတ်မှတ်ထားသည့် အတည်ပြုလျှောက်ထားလွှာကြေးကို ပေးသွင်းရမည်။

၆၉။ အတည်ပြုလျှောက်ထားလွှာ တင်ပြလျှောက်ထားသူသည် ရင်နှီးမြှုပ်နှံမှုလုပ်ငန်းအား ကနဦးအကောင်အထည်ဖော်ရာတွင် ဥပဒေပုဒ်မ ၃၈ အရ လိုအပ်သည့် ထောက်ခံချက်များ၊ ခွင့်ပြုချက်များ၊ လိုင်စင်များ၊ ပါမစ်များ၊ အလားတူစာရွက်စာတမ်းများအား အတည်ပြုလျှောက်ထားလွှာနှင့်အတူ တင်ပြရမည်။ သို့ရာတွင် လုပ်ငန်းသဘာဝအရ အတည်ပြုမိန့်ရယူပြီး နောက်ပိုင်းမှ လိုအပ်သည့် လိုင်စင် သို့မဟုတ် ထောက်ခံချက် သို့မဟုတ် အလားတူခွင့်ပြုချက်များ ရယူရသည့် လုပ်ငန်းအမျိုးအစားဖြစ်ပါက အတည်ပြုလျှောက်ထားလွှာ တင်ပြပြီးနောက် ဆက်လက်လျှောက်ထား ရယူ၍ ကော်မရှင်ထံ တင်ပြရမည်။

၇၀။ နည်းဥပဒေ ၆၈ အရ တင်ပြသည့် အတည်ပြုလျှောက်ထားလွှာကို လက်ခံနိုင်ခြင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး၌ စိစစ်

ရမည်။ အတည်ပြုလျှောက်ထားလွှာသည် သတ်မှတ်ချက်များနှင့် ပြည့်စုံပါ က ကော်မရှင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက သုံးသပ်နိုင်ရန်နှင့် အတည်ပြုဆုံးဖြတ်နိုင်ရန် ဆက်လက်တင်ပြရမည်။

**အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း**

၇၁။ နည်းဥပဒေ ၇၀ အရ တင်ပြသည့် အတည်ပြုလျှောက်ထားလွှာကို လက်ခံရရှိသည့်အခါ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာအား မပြည့်စုံဟုသော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် မပြည့်မီဟုသော်လည်းကောင်း၊ အခြားအခြေနေများအရ အတည်ပြုရန်မသင့်ဟုသော်လည်းကောင်း ယူဆပါက အတည်ပြုလျှောက်ထားလွှာအား လက်ခံသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ငြင်းပယ်နိုင်သည်။ အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ပါက ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်းနှင့် ငြင်းပယ်ရခြင်း အကြောင်းအရင်းကို ရှင်းလင်းဖော်ပြပြီး ငြင်းပယ်သည့်နေ့မှစ၍ အလုပ်လုပ်ရက် ငါး ရက်အတွင်း အကြောင်းကြားရမည်။ အကယ်၍ အတည်ပြုလျှောက်ထားလွှာအား ငြင်းပယ်ခြင်း မပြုပါက လက်ခံသည်ဟု မှတ်ယူရမည်။

၇၂။ (က) ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် အတည်ပြုချက်ပေးရန် ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက်အတွင်း အတည်ပြုမိန့်ကို ထုတ်ပေးရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် အတည်ပြုချက်ပေးရန်ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက် အတွင်း အတည်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုမိန့်မိတ္တူကို လုပ်ငန်းဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့လည်း ပေးပို့ရမည်။

၇၃။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုချက်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော လက်အောက်ခံကုမ္ပဏီအား ခွင့်ပြုပေးနိုင်သည်။

၇၄။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ရင်းနှီးမြှုပ်နှံသူထံမှ အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များအား အတည်ပြုလျှောက်ထားလွှာ စိစစ်ခြင်းလုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ထပ်မံတောင်းခံနိုင် သည်။

၇၅။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက တောင်းဆိုသည့်အချက်အလက်အား ရင်းနှီးမြှုပ်နှံသူသည် တောင်းဆိုခံရသည့်နေ့မှ အလုပ်လုပ်ရက် ရက်ပေါင်း ၂၀ အတွင်း သို့မဟုတ် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ထပ်မံတိုးမြှင့်ထားသည့် အချိန်ကာလအတွင်း မပေးနိုင်ပါက လျှောက်ထားလွှာကို ငြင်းပယ်နိုင်သည်။ လျှောက်ထားလွှာ ပျက်ပြယ်လျှင် ရင်းနှီးမြှုပ်နှံသူမှ မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရယူလိုပါက အတည်ပြုလျှောက်ထားလွှာကို ထပ်မံတင်ပြရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးများအား ပေးဆောင်ရမည်။

၇၆။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအား စိစစ်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်းကိစ္စရပ်များ ပြီးမြောက်စေရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံ သက်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အခြားပစ္စည်းအရင်းအမြစ်များအား ထောက်ပံ့ပေးရန် တောင်းဆိုနိုင်သည်။

၇၇။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာကို စိစစ်ရာတွင် ဥပဒေနှင့်ကိုက်ညီခြင်း မရှိလျှင်ဖြစ်စေ အတည်ပြုမိန့်ပေးရန်အတွက် အရည်အချင်းပြည့်မီခြင်းမရှိဟု ယူဆလျှင်ဖြစ်စေ ယင်းအတည်ပြုလျှောက်ထားလွှာအား အချိန်မရွေး ငြင်းပယ်နိုင်သည်။

၇၈။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာ လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် လမ်းညွှန်ချက်များအား ထပ်မံထုတ်ပြန်နိုင်သည်။

**အတည်ပြုလျှောက်ထားလွှာစိစစ်ရေးအတွက် သတ်မှတ်ချက်များ**

၇၉။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာ စိစစ်ရာတွင် ဥပဒေ၏ ရည်ရွယ်ချက်များ၊ အခြေခံသဘောတရားများ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများနှင့် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်၍ အတည်ပြုမိန့်ထုတ်ပေးရန် ဆုံးဖြတ်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်းရှိ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) ဥပဒေပုဒ်မ ၃၇ အရ အတည်ပြုမိန့် လိုအပ်သည့် လုပ်ငန်းဖြစ်ခြင်း၊

(ဂ) အတည်ပြုလျှောက်ထားလွှာသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှု ရှိခြင်း၊

(ဃ) လျှောက်ထားလွှာသည် ဥပဒေအရသတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားနှင့် အကျုံးဝင်သက်ဆိုင်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူသည် အတည်ပြုမိန့်ဖြင့် မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ခံစားရန် အရည်အချင်း ပြည့်မီသူဖြစ်ခြင်း။

## အခန်း(၈)

## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာ တင်ပြခြင်းနှင့် စိစစ်ခြင်း

၈၀။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသူ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာအား လျှောက်ထားဆဲဖြစ်သည့် ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ ပါ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ခံစားလိုပါက အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာကို တင်ပြနိုင်သည်။

၈၁။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသူ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာအား လျှောက်ထားဆဲဖြစ်သည့် ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း မတည်ရင်းနှီးငွေများ ထပ်မံရင်းနှီးမြှုပ်နှံလျှင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် ယင်းသို့ ထပ်မံပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်သာ သက်ဆိုင်ရမည်။

၈၂။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာအား အဆိုပြုချက် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာနှင့်အတူ တင်ပြလျှောက်ထားနိုင်သည်။ ဥပဒေပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား နောက်ဆက်တွဲအနေဖြင့် လျှောက်ထားတင်ပြနိုင်သည်။ ရင်းနှီးမြှုပ်နှံသူသည် ၎င်းခံစားလိုသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို လျှောက်လွှာတွင် တိကျစွာဖော်ပြပေးရမည်။

၈၃။ ဥပဒေပုဒ်မ ၇၅ (က) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားမည်ဆိုပါက အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာတွင် ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံထားသည့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေသည့် ဇုန်နေရာ သို့မဟုတ် နည်းဥပဒေ ၉၆ နှင့်အညီ တွက်ချက်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတန်ဖိုး ၆၅ ရာခိုင်နှုန်း အထက်အား ရင်းနှီးမြှုပ်နှံထားသည့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေသည့် ဇုန်နေရာကို ဖော်ပြရမည်ဖြစ်ပြီး အခြားအချက်အလက်များကိုလည်း လိုအပ်ပါက ပေးအပ်ရမည်။

၈၄။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၇ (က) နှင့် (ဃ) အရ အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလျှင် အခြားအချက်အလက်များတောင်းခံခြင်းကို ကန့်သတ်ခြင်းမပြုဘဲ အောက်ဖော်ပြပါအချက်အလက်များအား ပေးအပ်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်ရေးအတွက် တင်သွင်းမည့်စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများစာရင်းနှင့် ကုန်ပစ္စည်းစာရင်း အသေးစိတ်အား HS Code အခန်းတွင်ပါရှိသည့် ဂဏန်းလေးလုံးဖြင့် ဖော်ပြရန်၊

(ခ) အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ ပါဝင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလိုသည့် တင်သွင်းမည့် ကုန်ပစ္စည်းများအားလုံး၏ စုစုပေါင်းတန်ဖိုး တွက်ချက်မှု။

**အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာ စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၈၅။ နည်းဥပဒေ ၈၀ အရ တင်ပြသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာအား ရရှိသည့်အခါ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

အား မပြည့်စုံဟုသော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် မပြည့်မီဟုသော်လည်းကောင်း၊ အခြား အခြေအနေများအရ ခွင့်ပြုရန်မသင့်ဟုသော်လည်းကောင်း ယူဆပါက အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာအား လက်ခံသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ငြင်းပယ်နိုင်သည်။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ငြင်းပယ်ပါက ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်းနှင့် ငြင်းပယ်ရခြင်း အကြောင်းအရင်းကို ရှင်းလင်းဖော်ပြပြီး ငြင်းပယ်သည့်နေ့မှစ၍ အလုပ်လုပ်ရက် ငါးရက်အတွင်း အကြောင်းကြားရမည်။ အကယ်၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား ငြင်းပယ်ခြင်း မပြုပါက လက်ခံသည်ဟု မှတ်ယူရမည်။

၈၆။ ကော်မရှင်ရုံးသည် ရင်းနှီးမြှုပ်နှံသူထံမှ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များအား လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ထပ်မံ တောင်းခံနိုင်သည်။ ရင်းနှီးမြှုပ်နှံသူသည် ထပ်မံတောင်းခံသည့် အချက်အလက်များကို အလုပ်လုပ်ရက် ၂၀ ရက်အတွင်း သို့မဟုတ် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ထပ်မံတိုးမြှင့်ထားသည့် အချိန်ကာလအတွင်း တင်ပြရမည်။ ရင်းနှီးမြှုပ်နှံသူသည် အဆိုပါအချိန်ကာလအတွင်း တင်ပြနိုင်ခြင်းမရှိပါက ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာအား ငြင်းပယ်နိုင်သည်။

၈၇။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် ခွင့်ပြုနိုင်ကြောင်းဆုံးဖြတ်လျှင် ဆုံးဖြတ်ချက် ချပြီး အလုပ်လုပ်ရက် ၁၀ ရက် အတွင်း အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ထုတ်ပေး ရမည်။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မိတ္တူကို လုပ်ငန်းဆက်စပ်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့လည်း ပေးပို့ရမည်။

၈၈။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော လက်အောက်ခံကုမ္ပဏီ ခွင့်ပြုပေးနိုင်သည်။

၈၉။ အခြားနည်းဥပဒေများအား ကန့်သတ်ခြင်းမရှိဘဲ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့နှင့် စပ်လျဉ်းသည့် ခွင့်ပြုချက်ကို -

(က) အဆိုပြုထားသော သို့မဟုတ် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်၊

(ခ) ခံဝန်ကတိဖြင့် ပေးချေမှုပြုလုပ်ခြင်းနှင့်အညီ ခွင့်ပြုနိုင်သည်၊

(ဂ) သတ်မှတ်ထားသည့် အချိန်ကာလအတွက် ခွင့်ပြုနိုင်သည် သို့မဟုတ်

(ဃ) အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ခွင့်ပြုနိုင်သည်။

၉၀။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားခြင်းနှင့် စိစစ်ခြင်းနှင့်သက်ဆိုင်သည့် လမ်းညွှန်ချက်များကို ချမှတ်နိုင်သည်။

**အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် စိစစ်ရေးအတွက် သတ်မှတ်ချက်များ**

၉၁။ ကော်မရှင်သည် ဥပဒေ၏ ရည်ရွယ်ချက်များ၊ အခြေခံသဘောတရား၊ အခွင့်အရေးများနှင့် တာဝန်များအပေါ်အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ထည့်သွင်းစဉ်းစားရမည်-

(က) နိုင်ငံတော်အတွင်းရှိ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာကို တင်ပြလျှောက်ထားခြင်း၊

(ဂ) ဝင်ငွေခွန် ကင်းလွတ်ခွင့်အတွက်ဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုအားလုံးသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍတွင် လုပ်ကိုင်ခြင်း၊

(ဃ) နိုင်ငံတော်အတွင်းတွင် ထပ်မံအသုံးပြုသည့် ငွေကြေးပမာဏ သို့မဟုတ် တိုးမြှင့်သည့် ငွေကြေးပမာဏသည် အမေရိကန်ဒေါ်လာ ၃၀၀,၀၀၀ ထက် ကျော်လွန်ခြင်း၊

(င) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားခြင်း သို့မဟုတ် လျှောက်ထားဆဲဖြစ်ခြင်း၊

(စ) ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားခြင်းဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုအား ကော်မရှင်မှ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ဇုန် (၁)၊ ဇုန် (၂) သို့မဟုတ် ဇုန် (၃) သို့မဟုတ် တစ်ခုထက်ပိုသော ဇုန်၌ ပြုလုပ်ခြင်း၊

(ဆ) နိုင်ငံတော်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးရာတွင် အထောက်အကူပြု၍ ကျွမ်းကျင်လုပ်သား အင်အားတိုးတက်စေခြင်း၊

(ဇ) နိုင်ငံတော်အတွင်း နည်းပညာနှင့် စီးပွားရေးကျွမ်းကျင်မှုအသစ်များ ယူဆောင်လာခြင်း သို့မဟုတ် မြင့်မားစေခြင်း၊

(ဈ) နိုင်ငံတော်အတွင်း၌ ယှဉ်ပြိုင်မှု၊ စွမ်းဆောင်ရည် မြင့်မားမှု သို့မဟုတ် ကုန်ထုတ်လုပ်မှု ဖြစ်ပေါ်စေခြင်း သို့မဟုတ် ဝန်ဆောင်မှု သို့မဟုတ် အခြေခံအဆောက်အအုံ တိုးတက်စေခြင်း၊

(ည) နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေ တိုးတက်စေခြင်း။

၉၂။ ယင်းသို့စိစစ်ရာတွင် ကော်မရှင်သည်-

(က) သတ်မှတ်ချက်အားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နည်းဥပဒေ ၉၁ (က) မှ (စ) အထိ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် မဖြစ်မနေကိုက်ညီရမည့်အပြင် နည်းဥပဒေ ၉၁ (ဆ) မှ (ည) အထိ သတ်မှတ်ချက်များအနက်မှ ရင်းနှီးမြှုပ်နှံသူနှင့် အဆိုပြုချက်အတွက် သက်ဆိုင်မှုအရှိဆုံး သတ်မှတ်ချက်အား စဉ်းစားဆုံးဖြတ်ရမည်၊

(ခ) မဖြစ်မနေရှိရမည့် သတ်မှတ်ချက်များ ကိုက်ညီမှုရှိ၊ မရှိနှင့် မဖြစ်မနေမဟုတ်သော သက်ဆိုင်မှုရှိသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိ၊ မရှိ ဆုံးဖြတ်ရမည်၊

(ဂ) လျှောက်ထားသည့် အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့် ခွင့်ပြုခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာရရှိမှုအပေါ် သက်ရောက်မှုအား ထည့်သွင်းစဉ်းစားရမည်။

၉၃။ (က) ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူမှ လျှောက်ထားသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အားလုံး သို့မဟုတ် အချို့အား ခွင့်ပြု သို့မဟုတ် ငြင်းပယ်နိုင်ပြီး ရင်းနှီးမြှုပ်နှံသူနှင့် တွဲဖက်လုပ်ကိုင်သူများအကြား ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ဆောင်ရွက်ချက်များအတွက် စည်းကမ်းချက်များအပါအဝင် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အားလုံး သို့မဟုတ် အချို့ကို ခွင့်ပြုနိုင်သည်။

(ခ) ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ဥပဒေပုဒ်မ ၇၇ (က) နှင့် ပုဒ်မ ၇၇ (ဃ) တို့အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုပါက ခံစားရရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလကို အတည်ပြု အကြောင်းကြားရမည်။

၉၄။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးသည် မည်သည့်ဥပဒေအရမဆို အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိခံစားပြီးဖြစ်သည့် ကနဦးရင်းနှီးမြှုပ်နှံမှုအား လွန်ခဲ့သော သုံးနှစ်အတွင်း ရပ်ဆိုင်းခြင်း သို့မဟုတ် သိသာထင်ရှားစွာလျှော့ချခြင်း ပြုလုပ်ခဲ့ပါက ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးရန် ငြင်းပယ်နိုင်သည်။

၉၅။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် ခံစားခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်သာ သက်ဆိုင်ပြီး ၎င်းရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏လက်အောက်ခံကုမ္ပဏီတစ်ခုခုမှ ဆောင်ရွက်သည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြားဝင်ငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၆။ ရင်းနှီးမြှုပ်နှံသူသည် တစ်ခုထက်ပိုသော ဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့လျှင်-

(က) ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း၏ ၆၅ ရာခိုင်နှုန်း အထက် ရင်းနှီးမြှုပ်နှံသော ဇုန်အား ၎င်း၏ ရင်းနှီးမြှုပ်နှံမှု တည်ရှိသည့်ဇုန်ဟု မှတ်ယူရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း၏ ၆၅ ရာခိုင်နှုန်း အထက်သည် -

(၁) ဇုန် (၁) နှင့် (၂) တွင် ရှိပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုသည် ဇုန် (၂) တွင် တည်ရှိသည်ဟုလည်းကောင်း၊

(၂) ဇုန် (၂) နှင့် (၃) တွင် ရှိပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုသည် ဇုန် (၃) တွင် တည်ရှိသည်ဟုလည်းကောင်း၊

(၃) ဇုန် (၁) နှင့် (၃) တွင် ရှိပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုသည် ဇုန် (၃) တွင် တည်ရှိသည်ဟုလည်းကောင်း မှတ်ယူရမည်။

၉၇။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိမည့် မျှော်မှန်းဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းသည် ပို့ကုန်များမှ ရရှိသော နိုင်ငံခြားငွေဖြစ်မှသာ ဥပဒေပုဒ်မ ၇၇ (ခ) အရ အကောက်ခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပို့ကုန်များအတွက် နိုင်ငံခြားငွေဖြင့်ရရှိမည့် ယင်းမျှော်မှန်းငွေပမာဏထက်ပိုသည့် ဝင်ငွေရာခိုင်နှုန်းအပေါ်တွင် အချိုးကျစနစ်ဖြင့် ခွင့်ပြုနိုင်သည်။

၉၈။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၇ (ဂ) အရ ပေးဆောင်ခဲ့သည့် အကောက်ခွန်များအား ပြန်လည်ထုတ်ပေးခွင့်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပို့ကုန်များအတွက် နိုင်ငံခြားငွေဖြင့်ရရှိသည့် ဝင်ငွေအချိုးအစားအပေါ်တွင်မူတည်၍ ရင်းနှီးမြှုပ်နှံသူက ပေးဆောင်ခဲ့သည့် အကောက်ခွန် ပမာဏတစ်ရပ်လုံးအပေါ်တွင် အခြေခံလျက် အချိုးကျစနစ်ဖြင့် တွက်ချက်ရမည်။ စည်းကြပ်နှစ်အတွင်း ပေးဆောင်ခဲ့

သည့် အကောက်ခွန်များအား စည်းကြပ်နှစ်အကုန်တွင် ပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။ ပြန်လည်ထုတ်ပေးရာတွင် ရင်းနှီးမြှုပ်နှံသူမှ အနာဂတ်တွင် ပေးဆောင်ရနိုင်သည့် အကောက်ခွန်များနှင့် ခုနှိမ်မည့် အခွန်လျှော့ချမှုပုံစံဖြင့် ပြန်လည်ထုတ်ပေးနိုင်သည်။

၉၉။ (က) ကော်မရှင်သည် ပြန်လည်ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား ခွင့်ပြုနိုင်သည်-

(၁) ပြန်လည်ရင်းနှီးမြှုပ်နှံသည့် အမြတ်ငွေသည် ဥပဒေပုဒ်မ ၇၈ (က) နှင့်အညီ ဝင်ငွေခွန် ကင်းလွတ်ခွင့် လျှောက်ထားတောင်းခံခဲ့သည့် စည်းကြပ်နှစ်တွင် ရင်းနှီးမြှုပ်နှံသူမှ ရရှိသည့် အမြတ်ငွေဖြစ်ခြင်း၊

(၂) ဥပဒေပုဒ်မ ၇၈ (က) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားတောင်းခံခဲ့သည့် စည်းကြပ်နှစ်ပြီးနောက် ကပ်လျက်စည်းကြပ်နှစ်တွင် အဆိုပါအမြတ်ငွေအား ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊

(၃) ဥပဒေပုဒ်မ ၇၈ (က) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားတောင်းခံခဲ့သည့် စည်းကြပ်နှစ်အတွင်း ပေးဆောင်ရမည့် ဝင်ငွေခွန်များနှင့် အခြားအခွန်အခများအား နည်းလမ်းတကျ ပေးဆောင်ခြင်း။

(ခ) ဥပဒေပုဒ်မ ၇၈ (က) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်ရာတွင် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များ ပေးချေမှုအား ထည့်သွင်းတွက်ချက်ခြင်းမပြုရ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါက ဥပဒေပုဒ်မ ၇၈ (က) အရ ခံစားခွင့်ရရှိမည့် အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား ခံစားခွင့်မရှိစေရ၊

(ဃ) ဥပဒေပုဒ်မ ၇၈ (က) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ခံစားခွင့်ပြုရာတွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် ပြန်လည်ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးသက်ရောက်မှုနှင့် အကျိုးကျေးဇူးရရှိမှု အပါအဝင် ရင်းနှီးမြှုပ်နှံသူသည် ဥပဒေနှင့် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့်

သို့မဟုတ် သက်သာခွင့်တွင် ပါဝင်သော အခြေအနေများနှင့် ကိုက်ညီအောင် ဆောင်ရွက်မှု ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရမည်၊

(င) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၈ (က) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ခံစားရန် လျှောက်ထားသည့် ပြန်လည်ရင်းနှီးမြှုပ်နှံရမည့်နှစ်နှင့် ယခင် ဥပဒေပုဒ်မ ၇၈ (က) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ခံစားရန် ပြန်လည်ရင်းနှီးမြှုပ်နှံရမည့်နှစ်များတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် ပျက်ကွက်ခဲ့ပါက ဥပဒေပုဒ်မ ၇၈ (က) အရ ခံစားနိုင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များအား နောက်ထပ် ခံစားခွင့် မရှိစေရ။

၁၀၀။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား နိုင်ငံတော်၏ သက်ဆိုင်ရာဥပဒေများအရ ခွင့်ပြုထားသည့်နှုန်းထား သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်မည့် နှုန်းထားတစ်ရပ်၏ ၁.၅ ဆနှင့် တူညီသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းထားဖြင့် ရင်းနှီးမြှုပ်နှံသူမှ ပိုင်ဆိုင်သည့် မတည်ပစ္စည်းများအား တွက်ချက် ခံစားခွင့် ပြုနိုင်သည်။

၁၀၁။ ကော်မရှင်သည် အောက်ဖော်ပြပါအခြေအနေများတွင် ဥပဒေပုဒ်မ ၇၈ (ဂ) နှင့်အညီ ရင်းနှီးမြှုပ်နှံသူအား သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သောဝင်ငွေ၏ အများဆုံး ၁၀ ရာခိုင်နှုန်းအထိ နုတ်ပယ်ခွင့်ပြုနိုင်သည်-

(က) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်သာ သက်ဆိုင်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်သည့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်ခြင်း၊

(ဂ) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်၏ သက်ဆိုင်ရာ စာရင်းအင်းစံနှုန်းများနှင့်အညီ အသိအမှတ်ပြုထားခြင်း။

၁၀၂။ ကော်မရှင်သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သည်ဟု ယူဆပါက သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကျပ်ထိုက်သောဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းထက် ပိုမိုများပြားသော ပမာဏကို လက်ခံစဉ်းစားနိုင်ခြင်း အပါအဝင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား အသုံးပြုရန် သို့မဟုတ် စီမံခန့်ခွဲရန် လုပ်ငန်းစဉ် သို့မဟုတ် ပမာဏနှင့် သက်ဆိုင်သော ကန့်သတ်ချက်များ သို့မဟုတ် သတ်မှတ်ချက်များ ထပ်မံချမှတ်နိုင်သည်။

**အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သည့် အခြား ကိစ္စရပ်များ**

၁၀၃။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၅ (က) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတန်ဖိုး၏ ၆၅ ရာခိုင်နှုန်း အထက် ရင်းနှီးမြှုပ်နှံထားသည့် ဇုန်(များ) တွင် သုံးနှစ်မှ ငါးနှစ် အထိ လုပ်ငန်း ဆောင်ရွက်ပြီးနောက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်းအား ပြန်လည်စိစစ်ရန်နှင့် ဇုန်(များ) တွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုစဉ်အချိန်တွင် စိစစ်သည့်တန်ဖိုးနှင့် ကွဲလွဲလျှင် ကော်မရှင်သည် အမှန် တကယ် ရင်းနှီးမြှုပ်နှံသည့် ဇုန်အပေါ်မူတည်၍ နည်းဥပဒေ ၉၆ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်း နှင့်အညီ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အားပြန်လည် ပြင်ဆင်နိုင်သည်။ ပြန်လည် ပြင်ဆင်မှုမှန်သမျှသည် နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်စေနိုင်ပြီး ပြန်လည်စိစစ်မှုအရ ရင်းနှီးမြှုပ်နှံသူသည် ခံစားခွင့်ရှိသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပမာဏထက်ပို၍ ခံစားရရှိထားကြောင်းတွေ့ရှိလျှင် အဆိုပါပမာဏအတွက် ရင်းနှီးမြှုပ်နှံသူမှ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ကပ်လျက်စည်းကြပ်နှစ်တွင် အခွန်ပြန်လည်ပေးဆောင် ရမည်။ သို့ရာတွင် ပြန်လည်စိစစ်မှုအရ ရင်းနှီးမြှုပ်နှံသူသည် ခံစားခွင့်ရှိသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပမာဏအောက် လျော့နည်းစွာ ခံစားရရှိထားကြောင်းတွေ့ရှိလျှင် ကော်မရှင်မှ ညှိနှိုင်းမှုတစ်စုံတစ်ရာ ပြုလုပ်ပေးရန်မလို။

၁၀၄။ ဥပဒေပုဒ်မ ၇၇ (ဃ) ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏ တိုးမြှင့်သည်ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှု တွင် မူလ အဆိုပြုမတည်ရင်းနှီးမြှုပ်နှံမှု၏ ၈၀ ရာခိုင်နှုန်း ထည့်ဝင်ပြီးမှသာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပမာဏ တိုးမြှင့်သည်ဟု မှတ်ယူရမည်။

၁၀၅။ ရင်းနှီးမြှုပ်နှံသူသည် တိုးချဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ဥပဒေပုဒ်မ ၇၇ (ဃ) ပါ ပစ္စည်းများတင်သွင်းခြင်းကို ယင်းအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုချက် ရရှိသည့် နေ့မှစ၍ နှစ် နှစ် အတွင်း တင်သွင်းရမည်။ အဆိုပါ သက်တမ်းအတွင်း တင်သွင်းနိုင်ခြင်း မရှိပါက ယင်းကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် အလိုအလျောက် ပျက်ပြယ်စေရမည်။

၁၀၆။ ဥပဒေပုဒ်မ ၇၇ (က) အရ ပစ္စည်းများတင်သွင်းခြင်းကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလအတွင်း၌သာ တင်သွင်းရမည်။ ယင်းကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် အဆိုပါ သက်တမ်း ကျော်လွန်ပါက အလိုအလျောက် ရပ်စဲစေရမည်။

၁၀၇။ နည်းဥပဒေ ၁၄၆ (ဃ) အရမှအပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလသည် စီးပွားဖြစ်စတင်သည့် နေ့ရက်မှ စ၍ ရပ်စဲရမည်။

၁၀၈။ ကော်မရှင်၏သဘောတူညီမှုမရှိဘဲ ဥပဒေပုဒ်မ ၇၇ (က) နှင့် (ဃ) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းထားသည့် စက်ပစ္စည်းများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများအား ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ရန်အတွက် မဟုတ်ဘဲ အခြားရည်ရွယ်ချက် တစ်ခုခုအတွက်အသုံးပြုလျှင် ရင်းနှီးမြှုပ်နှံသူသည် အဆိုပါပစ္စည်းများ တင်သွင်းသည့်အချိန်က ကျသင့်မည့် အခွန်အခများအားလုံးကို ပြန်လည်ပေးဆောင်ရမည်။ ကော်မရှင်သည် အဆိုပါ ရင်းနှီးမြှုပ်နှံသူအပေါ်တွင် ဥပဒေ ပုဒ်မ ၈၅ တွင် ပြဋ္ဌာန်းထားသော စီမံခန့်ခွဲရေးပြစ်ဒဏ်များ အနက် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၁၀၉။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၇ (က) နှင့် (ဃ) အရ အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မပြုမီ တင်သွင်းမည့်ကုန်ပစ္စည်းများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် အမှန်တကယ်လိုအပ်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

၁၁၀။ ဥပဒေပုဒ်မ ၇၇ (ခ) အရ အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုထားသော စည်းကြပ်နှစ်အတွင်းတွင် ပို့ကုန်များမှ အမှန်တကယ်ရရှိသည့် နိုင်ငံခြားငွေကြေး ရာခိုင်နှုန်းသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာတွင် ဖော်ပြထားသည့် မျှော်မှန်းဝင်ငွေ အောက် လျော့နည်းလျှင် အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ယင်းအချိန်ကာလ အတွင်း ပို့ကုန်များမှ အမှန်တကယ်ရရှိခဲ့သည့် ဝင်ငွေအပေါ်တွင် အခြေခံ၍ အချိုးကျလျှော့ချရမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အရ ပိုမိုကင်းလွတ်ခွင့် ရရှိခဲ့သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပမာဏကို ပြန်လည်ပေးဆောင်ရမည်။

၁၁၁။ ဥပဒေပုဒ်မ ၇၈ (ခ) အရ သတ်မှတ်အချိန်ကာလထက် လျော့နည်းသော ပစ္စည်းတန်ဖိုးလျော့တွက် နှုန်းထားဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိလျှင် ရင်းနှီးမြှုပ်နှံသူသည် စီးပွားဖြစ် စတင်သောနှစ်မှစ၍ အဆိုပါ ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းထားအား စတင်အသုံးပြုရမည်။

၁၁၂။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အတွက် ဥပဒေပုဒ်မ ၇၇ (က) နှင့် (ဃ) အရ တင်သွင်းလိုသည့်ပစ္စည်းများအား ကိုယ်တိုင်တင်သွင်းခြင်း

မပြုဘဲ မိမိကိုယ်စား လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည့် ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်အား တင်သွင်းစေလိုပါ က ၎င်းကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်၏ အမည်ကိုဖော်ပြပြီး ကော်မရှင်ထံတင်ပြ၍ ခွင့်ပြုချက် ရယူရမည်။

၁၁၃။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၅ နှင့် ၇၈ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အကျိုးကျေးဇူးကို မခံစားမီ သက်ဆိုင်သည့် အခွန်စည်းကြပ်နှစ်အတွက် အခွန်စည်းကြပ်မှု ခံယူရန် ပြည်တွင်းအခွန်များဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၁၄။ ဥပဒေပုဒ်မ ၇၅ နှင့် ၇၈ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အကျိုးကျေးဇူး ခံစားနေသည့် ရင်းနှီးမြှုပ်နှံသူအပေါ် အခွန်စည်းကြပ်ရန် အကဲဖြတ်သုံးသပ်ရာ၌ ပြည်တွင်းအခွန်များ ဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံသူအနေဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်နှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်များနှင့် ရင်းနှီးမြှုပ်နှံသူကို ခွင့်ပြုပေးထားသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာခြင်း ရှိ၊ မရှိ ပြန်လှန်ဆန်းစစ် သုံးသပ်ရမည်။

၁၁၅။ ရင်းနှီးမြှုပ်နှံသူသည် လိမ်လည်၍သော်လည်းကောင်း၊ တမင်မမှန်မကန် ဖော်ပြ၍သော်လည်းကောင်း ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့နှင့်စပ်လျဉ်းသည့် ခွင့်ပြုချက်ကို ရယူခဲ့ခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား လျှောက်ထားလွှာနှင့်အညီ ဆောင်ရွက်ခြင်းမရှိဟု ကော်မရှင်မှ ထင်မြင်ယူဆပါက ကော်မရှင်သည် ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။ အခြားသက်ဆိုင်ရာဥပဒေများကို ကန့်သတ်ခြင်းမပြုဘဲ ခွင့်ပြုချက် ရုပ်သိမ်းခံရသော ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုအတွက် ခံစားခွင့်ရရှိထားသော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ပြန်လည်ပေးဆောင်ရမည်။

## အခန်း(၉)

## မြေအသုံးပြုခွင့် လျှောက်ထားလွှာတင်ပြခြင်းနှင့် စိစစ်ခြင်း

၁၁၆။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသူ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်အား လျှောက်ထားဆဲဖြစ်သူ ဖြစ်ပါက မြေအသုံးပြုခွင့်လျှောက်ထားလွှာ တင်ပြနိုင်သည်။

၁၁၇။ မြေအသုံးပြုခွင့် လျှောက်ထားလွှာတွင် အောက်ဖော်ပြပါ အချက်အလက်များ အနည်းဆုံး ပါဝင်ရမည့် အပြင် အခြား လိုအပ်သော အချက်အလက်များကိုလည်း တောင်းခံနိုင်သည်-

(က) မြေ သို့မဟုတ် အဆောက်အအုံများ၏ ဧရိယာ၊ အမျိုးအစားနှင့် တည်နေရာ၊

(ခ) မြေ သို့မဟုတ် အဆောက်အအုံများ၏ ပိုင်ရှင် (များ) နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် မြေအသုံးချမှု ပြောင်းလဲခြင်းအတွက် အဆိုပြုချက်အား အတည်ပြုပေးမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် အခြား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ရယူသည့် ထောက်ခံစာ သို့မဟုတ် အလားတူ စာရွက်စာတမ်း သို့မဟုတ် ခွင့်ပြုချက်၊

(ဃ) ရင်းနှီးမြှုပ်နှံသူများမှ အဆိုပြုထားသည့် မြေအသုံးပြုခွင့်သည် ဥပဒေပုဒ်မ ၆၅ (စ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့် အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲရန် လိုအပ်ခြင်းရှိ၊ မရှိ၊

(င) လျှောက်ထားသည့် မြေအသုံးပြုခွင့်ကာလ၊

(စ) မြေ သို့မဟုတ် အဆောက်အဦ ငှားရမ်းခြင်းစာချုပ် (မူကြမ်း)။

**မြေအသုံးပြုခွင့် လျှောက်ထားလွှာ စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁၁၈။ ကော်မရှင်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအား မြေအသုံးပြုခွင့် လျှောက်ထားလွှာ စိစစ်ခြင်းဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်၊

(ခ) ကော်မရှင်ရုံးမှ အနိမ့်ဆုံး ညွှန်ကြားရေးမှူး ရာထူးအဆင့်ရှိသူ အရာရှိတစ်ဦးဦး သို့မဟုတ် အဆိုပါရည်ရွယ်ချက်အတွက်ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီ သို့မဟုတ် ကော်မရှင်အရာရှိများထံ မြေအသုံးပြုခွင့် လျှောက်ထားလွှာ စိစစ်ခြင်း အခွင့်အာဏာကို လုပ်ပိုင်ခွင့်ခွဲဝေ လွှဲအပ်နိုင်သည်။

၁၁၉။ နည်းဥပဒေ ၁၁၈ အရ တင်ပြသည့် မြေအသုံးပြုခွင့်လျှောက်ထားလွှာကို လက်ခံရရှိသည့်အခါ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မြေအသုံးပြုခွင့် လျှောက်ထားလွှာကို မပြည့်စုံဟုသော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် မပြည့်မီဟုသော်လည်း

ကောင်း၊ အခြားအခြေနေများအရ ခွင့်ပြုရန်မသင့်ဟုသော်လည်းကောင်း ယူဆပါက မြေအသုံးပြုခွင့် လျှောက်ထားလွှာကို လက်ခံသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ငြင်းပယ်နိုင်သည်။ မြေအသုံးပြုခွင့်လျှောက်ထားလွှာကို ငြင်းပယ်ပါက ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်းနှင့် ငြင်းပယ်ရခြင်း အကြောင်းအရင်းကို ရှင်းလင်းဖော်ပြပြီး ငြင်းပယ်သည့်နေ့မှစ၍ အလုပ်လုပ်ရက် ငါး ရက်အတွင်း အကြောင်းကြားရမည်။ အကယ်၍ မြေအသုံးပြုခွင့် လျှောက်ထားလွှာကို ငြင်းပယ်ခြင်း မပြုပါက လက်ခံသည်ဟု မှတ်ယူရမည်။

၁၂၀။ (က) ကော်မရှင်သည် မြေအသုံးပြုခွင့်လျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် ခွင့်ပြုနိုင်ကြောင်းဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက် အတွင်း မြေအသုံးပြုခွင့်ကို ထုတ်ပေးရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မြေအသုံးပြုခွင့် လျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် ခွင့်ပြုနိုင်ကြောင်းဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက်အတွင်း မြေအသုံးပြုခွင့်ကို ထုတ်ပေးရမည်။

(ဂ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မြေအသုံးပြုခွင့်မိတ္တူကို လုပ်ငန်းဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့လည်း ပေးပို့ရမည်။

၁၂၁။ ကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ရင်နှီးမြှုပ်နှံသူထံမှ မြေအသုံးပြုခွင့် လျှောက်ထားလွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များအား လုပ်ငန်းစဉ်၏ မည်သည့် အဆင့်တွင်မဆို ထပ်မံတောင်းခံနိုင်သည်။

၁၂၂။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၂၁ အရ တောင်းခံခံရသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၂၀ ရက်အတွင်း သို့မဟုတ် ကော်မရှင်က သတ်မှတ်သည့် အချိန်ကာလအတွင်း တင်ပြနိုင်ခြင်းမရှိပါက မြေအသုံးပြုခွင့် လျှောက်ထားလွှာအား ငြင်းပယ်နိုင်သည်။ ငြင်းပယ်ခြင်းခံရသော ရင်းနှီးမြှုပ်နှံသူသည် မြေအသုံးပြုခွင့် ရရှိလိုပါက မြေအသုံးပြုခွင့် လျှောက်ထားလွှာကို ထပ်မံတင်ပြရမည်။

၁၂၃။ ကော်မရှင်သည် မြေအသုံးပြုခွင့်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် လက်အောက်ခံကုမ္ပဏီအား ခွင့်ပြုပေးနိုင်သည်။

၁၂၄။ ကော်မရှင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၁၂၆ တွင် ဖော်ပြထားသည့် မြေအသုံးပြုခွင့် စိစစ်ရေးအတွက် စံသတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ထားသည့် စိစစ်ချက်၊ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တို့ကို သိမ်းဆည်းထားရမည်။

၁၂၅။ ကော်မရှင်သည် မြေအသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

**မြေအသုံးပြုခွင့် စိစစ်ရေးအတွက်သတ်မှတ်ချက်များ**

၁၂၆။ ကော်မရှင်သည် ဥပဒေ၏ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ အခွင့်အရေးများနှင့် တာဝန်ရှိမှုများ အပါအဝင် အောက်ဖော်ပြပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ထည့်သွင်းစဉ်းစား၍ မြေအသုံးပြုခွင့်ကို ထုတ်ပေးရန် သင့်၊ မသင့် ဆုံးဖြတ်ရမည်-

(က) နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံသူမှ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊

(ခ) ဤဥပဒေနှင့်အညီ မြေအသုံးပြုခွင့်လျှောက်ထားလွှာကို တင်ပြလျှောက်ထားခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူမှ ရရှိထားခြင်း သို့မဟုတ် ခွင့်ပြုပြီးဖြစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် အသုံးပြုခွင့် လျှောက်ထားသည့် မြေပေါ်တွင် လက်ရှိအချိန်တွင်ဖြစ်စေ၊ အသုံးချမှုပြောင်းလဲပြီးနောက် သို့မဟုတ် တူညီသည့် ဥပဒေဆိုင်ရာလုပ်ငန်းစဉ်အား ပြီးမြောက်အောင် ဆောင်ရွက်ပြီးနောက်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေ များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရည်ရွယ်ချက်အတွက် အသုံးပြုနိုင်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူမှ အသုံးပြုရန် အဆိုပြုထားသည့် မြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာပြောင်းလဲရန်လိုအပ်ခြင်း သို့မဟုတ် ပြောင်းလဲရန် ဖြစ်တန်ခြေရှိခြင်း၊ ယင်းသို့ ပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်တွင် ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်ပြီး ဆိုးကျိုးများအား ကျိုးကြောင်း သင့်လျော်စွာ လျှော့ချ၍ မရခြင်း။

၁၂၇။ နည်းဥပဒေ ၁၂၆ နှင့်အညီ မြေအသုံးပြုခွင့် လျှောက်ထားလွှာအား စိစစ်ရာတွင် ကော်မရှင်သည် သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ရမည်။

၁၂၈။ ကော်မရှင်သည် လျှောက်ထားသည့် မြေအသုံးပြုခွင့် အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကို ဖြစ်စေ ခွင့်ပြု သို့မဟုတ် ငြင်းပယ်နိုင်သည်။

## မြေအသုံးပြုခွင့်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သည့် အခြားကိစ္စရပ်များ

၁၂၉။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာဥပဒေများနှင့် ကော်မရှင်မှ သတ်မှတ်သည့် အခြေအနေများ အရ မြေအသုံးပြုခွင့် ရရှိပြီးသည့်အခါ မြေအသုံးပြုခွင့်ရရှိစေရန် စတင်ခံစားနိုင်သည်။ သက်ဆိုင်ရာ အခွင့်အာဏာရှိသည့် အဖွဲ့အစည်းသည် ဤနည်းဥပဒေအား အကျိုးသက်ရောက်စေရန် ဆောင်ရွက် ပေးရမည်။

၁၃၀။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ကိုက်ညီမှုရှိစေရန်အတွက် မြေအသုံးချမှု ပြောင်းလဲရန် လိုအပ်လျှင် ဖြစ်စေ သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အား ပြီးမြောက်အောင် ဆောင်ရွက်ရန် လိုအပ်လျှင်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူသည် အသုံးချမှုပြောင်းလဲခြင်းအတွက် ဥပဒေနှင့်အညီ မြေအသုံးချမှု ပြောင်းလဲခြင်း လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၃၁။ စက်မှုဇုန်၊ ဟိုတယ်ဇုန်၊ ကုန်သွယ်ရေးဇုန် အစရှိသည့် သက်ဆိုင်ရာ လုပ်ငန်းဇုန်ဧရိယာအတွင်း ရှိမြေကို ယင်းသက်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရန်အတွက် မြေအသုံးပြုခွင့် လျှောက်ထားပါက ကော်မရှင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အခြားမည်သည့် ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်ကိုမျှ ရယူရန်မလိုဘဲ ရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့်ကို တိုက်ရိုက်ခွင့်ပြု နိုင်သည်။

၁၃၂။ သတ်မှတ်ဇုန်များအတွင်း မဟုတ်သည့် မြေအမျိုးအစား၏ မူလရည်ရွယ်ချက်သည် ရင်းနှီး မြှုပ်နှံမည့် အဆိုပြုလုပ်ငန်းအမျိုးအစားနှင့် ကိုက်ညီမှုမရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများထံ သဘောထားမှတ်ချက် တောင်းခံရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများမှ အဆိုပြုလုပ်ငန်းသည် အဆိုပါမြေ၌ ဆောင်ရွက်ရန် သင့်တော်သည် ဟု ယူဆ၍ခွင့်ပြုခဲ့လျှင် မြေအမျိုးအစား၏ မူလရည်ရွယ်ချက်သည် မည်သို့ပင်ရှိစေကာမူ ကော်မရှင် သည် ရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့်ကို ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခြင်းသည် သက်ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်များကို ကင်းလွတ်ခွင့်ပြုသည်ဟု မှတ်ယူခြင်းမပြုရ။

၁၃၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်မည့် မြေနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်မှုအား တင်ပြရာ၌ ရင်းနှီးမြှုပ်နှံသူ ပိုင်ဆိုင်သည့် သို့မဟုတ် ငှားရမ်းသည့် မြေသည် လက်ရှိမြေပိုင်ဆိုင်သူ၏ အမည်ဖြင့်

ပိုင်ဆိုင်ခြင်း မဟုတ်ခဲ့လျှင် မြေပိုင်ဆိုင်သူက ၎င်းပိုင်ဆိုင်ကြောင်း ခိုင်လုံသည့်အထောက်အထားနှင့် စာရွက်စာတမ်းများဖြင့် တင်ပြခွင့်ရှိသည်။ ကော်မရှင်သည် မြေပိုင်ဆိုင်ကြောင်း တင်ပြသူက ပူးတွဲတင်ပြသည့် အထောက်အထားများနှင့် စာရွက်စာတမ်းများအရ မြေပိုင်ဆိုင်မှုမှန်ကန်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် ယင်းတင်ပြမှုအား လက်ခံရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်မည့် မြေသည် မြေဂရမ် လျှောက်ထားဆဲဖြစ်ပါက မြေဂရမ် လျှောက်ထားဆဲဖြစ်ကြောင်း အထောက်အထားအား တင်ပြရမည်။

၁၃၄။ ဥပဒေပုဒ်မ ၅၀ နှင့် စပ်လျဉ်းသည့် မြေအသုံးပြုခွင့်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ကော်မရှင်ထံသို့ လျှောက်ထားတင်ပြ၍ ခွင့်ပြုချက် ရယူရန်မလိုအပ်-

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၊

(ခ) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ အပါအဝင် ရင်းနှီးမြှုပ်နှံပြီးနောက် မြန်မာကုမ္ပဏီအဖြစ် ဆက်လက်တည်ရှိသော ကုမ္ပဏီအတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သူ။

၁၃၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ရန် အောက်ဖော်ပြပါအခြေအနေများနှင့် အကျုံးဝင်သော အခြားရင်းနှီးမြှုပ်နှံသူထံမှ မြေ သို့မဟုတ် အဆောက်အအုံများကို တစ်ဆင့်ငှားရမ်းရန် အဆိုပြုလျှင် ရင်းနှီးမြှုပ်နှံသူသည် သီးခြား မြေအသုံးပြုခွင့် လျှောက်ထားရန်မလိုဘဲ ကော်မရှင်ထံ သတ်မှတ်သည့်ပုံစံဖြင့် အကြောင်းကြားစာ ပေးပို့ကာ ဥပဒေ ၅၀ အရ ပြဋ္ဌာန်းထားသော ကာလထက် မကျော်လွန်သော ကာလအတွက် မြေ သို့မဟုတ် အဆောက်အအုံများကို နှစ်ရှည်ငှားယူနိုင်ပြီး ရင်းနှီးမြှုပ်နှံသူသည် မှတ်ပုံတင်ရန် တာဝန် အပါအဝင် တစ်ဆင့်ငှားရမ်းယူခြင်းနှင့်သက်ဆိုင်သော အခြားဥပဒေများအားလုံးကို လိုက်နာရမည်-

(က) မြေနှင့်အဆောက်အအုံအတွက် မြေအသုံးပြုခွင့် ယခင်ကပင် ရရှိခဲ့ခြင်း၊

(ခ) မြေအသုံးပြုခွင့်ပါ စည်းကမ်းများကို လိုက်နာခြင်း၊

(ဂ) မြေနှင့်အဆောက်အအုံများတွင် အကျိုးစီးပွားပါရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက် သို့မဟုတ် မြေအသုံးပြုခွင့်အရ မြေ သို့မဟုတ် အဆောက်အအုံများကို တစ်ဆင့်ငှားရမ်းရန် အခွင့်ရှိခြင်း။

## အခန်း(၁၀)

## ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ

၁၃၆။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူမှ လျှောက်ထားလာပါက အခြားနည်းဥပဒေများအား ကန့်သတ်ခြင်း မရှိစေဘဲ-

(က) ရင်းနှီးမြှုပ်နှံသူ၏ သဘောတူညီမှုဖြင့် ဥပဒေအရ ပေးအပ်ထားသည့် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို ပြောင်းလဲနိုင်သည်၊

(ခ) ရင်းနှီးမြှုပ်နှံသူ၏ သဘောတူညီမှုဖြင့် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ပါ စည်းကမ်းချက် တစ်စုံတစ်ရာကို ပြောင်းလဲနိုင်သည် သို့မဟုတ် ထပ်မံထည့်သွင်းနိုင်သည်၊

(ဂ) ရင်းနှီးမြှုပ်နှံသူ၏ သဘောတူညီမှုဖြင့် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ပါ စည်းကမ်းချက် တစ်စုံတစ်ရာကို ရုပ်သိမ်းနိုင်သည်။

၁၃၇။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့် ပြောင်းလဲရန် သို့မဟုတ် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်၏ အခြေအနေတစ်ရပ်ရပ်အား ပြောင်းလဲရန် အတွက် လျှောက်ထားလွှာအား လျှောက်လွှာကြေး ပေးသွင်းကာ စာဖြင့်ရေးသား၍ ကော်မရှင်ထံ အကြောင်းကြား တင်ပြနိုင်သည်။

၁၃၈။ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်တွင် ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ အောက်ဖော်ပြပါအချက်များသည် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်တိုင်း၏ စည်းကမ်းချက်ဖြစ်သည်-

(က) ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်သို့ လျှောက်ထားလွှာတင်ပြစဉ်က ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိရမည်၊

(ခ) လိုက်နာမှုအား ကျိုးကြောင်းသင့်လျော်စွာ ကင်းလွတ်ခွင့်ပြုထားသည်မှတစ်ပါး ရင်းနှီးမြှုပ်နှံသူနှင့် လျှောက်ထားသူ တစ်ဦးချင်းစီသည် လျှောက်ထားလွှာအား အထောက်အကူပြုစေရန် တင်ပြခဲ့သည့် တင်ပြချက်များနှင့် အစီအစဉ်များကို လိုက်နာရမည်၊

(ဂ) ခွင့်ပြုချက်အား သက်ဆိုင်ရာဥပဒေများအားလုံးကို စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ထုတ်ပေးရမည်။

## အခန်း(၁၁)

## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားသူများနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များ

၁၃၉။ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းထံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်းသည့် တည်ဆောက်မှု သို့မဟုတ် ပြင်ဆင်မှု ပြုလုပ်ရန် ခွင့်ပြုချက် ရရှိသည့်နေ့ရက်မှစ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလကို စတင် ရေတွက်ရမည်။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းထံမှ ရရှိသည့် ယင်းခွင့်ပြုချက် စာရွက်စာတမ်းအား ရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ကော်မရှင်သို့ မိတ္တူပေးပို့ တင်ပြရမည်။

၁၄၀။ သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ သို့မဟုတ် ယင်းကာလတို့ကို ထပ်မံတိုးမြှင့်ခွင့်ရရှိပါက ယင်းသို့တိုးမြှင့်ရရှိသည့် ကာလအတွင်း တည်ဆောက်မှု သို့မဟုတ် ပြင်ဆင်မှုလုပ်ငန်းများကို ပြီးစီးစေရန် ဆောင်ရွက်ရမည်။ တည်ဆောက်မှု သို့မဟုတ် ပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးသည့်အခါ လုပ်ငန်းပြီးစီးကြောင်းကို ပြီးစီးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ တင်ပြရမည်။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှု ပြီးဆုံးသည်နှင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၁၄၁။ ရင်းနှီးမြှုပ်နှံသူသည် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ပြင်ဆင်မှုကာလအတွင်း ခိုင်လုံသည့်အကြောင်းကိစ္စကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးပြတ်ခြင်း မရှိပါက နှောင့်နှေးကြန့်ကြာရသည့် အကြောင်းရင်းကို ဖော်ပြ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ တိုးမြှင့်ပေးရန် မူလသတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်မှု မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလကို တိုးမြှင့်ပေးရန် တင်ပြလျှင် လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလကို တိုးမြှင့်ပေးသင့်ကြောင်း ခိုင်လုံသည့် အခြေအနေရှိပါက မူလခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်မှု ကာလ၏ ၅၀ ရာခိုင်နှုန်း ထက်မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။

၁၄၂။ သဘာဝဘေးဒဏ်ကျရောက်ခြင်း၊ မငြိမ်သက်မှုဖြစ်ပွားခြင်း၊ အဓိကရုဏ်းဖြစ်ပေါ်ခြင်း၊ ဆန္ဒပြမှုပေါ်ပေါက်ခြင်း၊ နိုင်ငံတော်အရေးပေါ်အခြေအနေဖြစ်ပွားခြင်း၊ လက်နက်ကိုင်ဆန့်ကျင်မှု ဖြစ်ပေါ်ခြင်း၊ ဆူပူသောင်းကျန်းမှုပေါ်ပေါက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်းစသည့် မလွန်ဆန်နိုင်သော အကြောင်းကိစ္စများ ဖြစ်ပေါ်ခြင်းနှင့် လုံလောက်သောအကြောင်းရှိ၍ ကော်မရှင်က စိစစ်ခွင့်ပြုခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်မှု တိုးမြှင့်သတ်မှတ်ခြင်းကို နှစ်ကြိမ်ထက် ပိုမို၍ ခွင့်မပြုရ။

၁၄၃။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုလုပ်ငန်းများတွင် လေ့လာတိုင်းတာ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့် အဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းအတိုင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှု သတ်မှတ်ရမည်။

၁၄၄။ မူလခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ သို့မဟုတ် ထပ်မံတိုးမြှင့်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလအတွင်း တည်ဆောက်မှုလုပ်ငန်း ပြီးပြတ်ခြင်းမရှိလျှင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ရင်းနှီးမြှုပ်နှံသူသည် ယင်းသို့ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် နစ်နာကြေးဖြစ်စေ၊ လျော်ကြေးဖြစ်စေ၊ အခြားငွေကြေး သို့မဟုတ် အခွင့်အရေး တစ်ရပ်ရပ်ဖြစ်စေ ပြန်လည်တောင်းခံပိုင်ခွင့် မရှိစေရ။

၁၄၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလကို ထပ်မံတိုးမြှင့်ခွင့်ရရှိပါက ယင်းသို့တိုးမြှင့်ရရှိသည့် ကာလအတွင်း တည်ဆောက်မှု သို့မဟုတ် လုပ်ငန်းပြင်ဆင်မှုတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ ကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီးပွားဖြစ်စတင်သည့်နေ့ကို ကော်မရှင်သို့ တင်ပြရမည်။

၁၄၆။ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ပြည်ပသို့ တင်ပို့သည့် ကုန်ထုတ်လုပ်ငန်းအတွက် သင်္ဘောတင်စာရွက်စာတမ်း သို့မဟုတ် လေကြောင်းကုန်ပို့လွှာနှင့် အလားတူ နိုင်ငံတကာကုန်သွယ်မှုတွင် ကျင့်သုံးသည့် အထောက်အထား စာရွက်စာတမ်းများတွင် ဖော်ပြသည့် နေ့ရက်၊ ယင်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၁၈၀ ထက် မကျော်လွန်စေရ၊

( ခ ) ပြည်တွင်းရောင်းချသည့် ကုန်ထုတ်လုပ်ငန်းအတွက် ပထမဆုံး ဝင်ငွေစတင် ရရှိသည့် နေ့ရက်၊ ယင်းရက်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ၊

( ဂ ) ဝန်ဆောင်မှု လုပ်ငန်းများအတွက် လုပ်ငန်းစတင်ဖွင့်လှစ်သည့် နေ့ရက်၊ ယင်းရက် သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှု ကာလကုန်ဆုံးသည့် နေ့ရက်မှရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှု ကာလအတွင်း ဝင်ငွေရရှိနိုင်သော လုပ်ငန်းဖြစ်ပါက အခွန်ထမ်းဆောင်နိုင်သည့် ဝင်ငွေ ရရှိသည့် နေ့ရက်အား စီးပွားဖြစ်စတင်သည့်နေ့အဖြစ် သတ်မှတ်နိုင်သည်။ စီးပွားဖြစ် စတင်သည့်နေ့အဖြစ် သတ်မှတ်ခြင်းကြောင့် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ဥပဒေ ပုဒ်မ ၇၇ (က) နှင့် (ဃ) အရ ခံစားခွင့်ရှိသော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် များအား နစ်နာဆုံးရှုံးခြင်း မရှိစေရ။

၁၄၇။ ရင်းနှီးမြှုပ်နှံသူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိပြီးပါက စာရင်း၊ ပြေစာ၊ မှတ်တမ်း၊ စာအုပ်စာတမ်းများ၊ အခြားစာရွက်စာတမ်းများ၊ ကွန်ပျူတာမှတ်တမ်းများ၊ အခြားသော အီလက်ထရောနစ်နည်းပညာဖြင့် ပြုစုထားသော ကုန်သွယ်မှုဆိုင်ရာ မှတ်တမ်းများအား အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားပြီးသည့် အခွန်းစည်းကြပ်နှစ်နောက်-

(က) ၇ နှစ် သို့မဟုတ်

(ခ) အခြားသက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့် အချိန်ကာလ၊ ယင်းအချိန်ကာလ (၂) ရပ်အနက် ပိုမို ကြာမြင့်သည့် အချိန်ကာလအထိ သိမ်းဆည်းရမည်။

## အခန်း(၁၂)
## ကော်မရှင်မှအစီရင်ခံစာတင်သွင်းခြင်း

၁၄၈။ ကော်မရှင်သည် ဥပဒေပုဒ်မ ၂၄ (ဆ) နှင့်အညီ ကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံရမည်။ ကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံစာ ပေးပို့ပြီးနောက် အလုပ်လုပ်ရက် ၂၀ ရက်အတွင်း မြန်မာနှင့်အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသော အစီရင်ခံစာအကျဉ်းချုပ်အား အများပြည်သူသိရှိစေရန် ထုတ်ပြန်ရမည်။ ယင်းအစီရင်ခံစာ တွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုအခြေအနေ၊

(ခ) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်သည့်ဌာနခွဲနှင့် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအကျဉ်းချုပ်နှင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်ချက်များ အပါအဝင် ကော်မရှင်၏ အဓိက လုပ်ငန်း ဆောင်ရွက်ချက်များ၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၏ တိုင်ကြားချက်များအတွက် နစ်နာမှုဖြေရှင်းချက်များ အကျဉ်းချုပ်၊ နှင့်

(ဃ) ရင်းနှီးမြှုပ်နှံသူများအပေါ် ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များစာရင်း။

## အခန်း(၁၃)

## အဆိုပြုချက်စိစစ်ရေးအဖွဲ့

၁၄၉။ ကော်မရှင်သည် လျှောက်ထားလွှာများအား လေ့လာသုံးသပ်ရာတွင် ကော်မရှင်အား ကူညီရန် ဝန်ကြီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ အရာရှိများပါဝင်သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၅၀။ ကော်မရှင် အတွင်းရေးမှူး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးသည် အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန် ယူရမည်။ ယင်းအဖွဲ့ခေါင်းဆောင်သည် အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် လမ်းညွှန်ချက်များ ထုတ်ပြန် နိုင်သည်။

## အခန်း(၁၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ

၁၅၁။ ကော်မရှင်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီကို အဖွဲ့ဝင်အရေအတွက်အား 'မ' ဂဏန်းဖြင့် အဖွဲ့ဝင် ခုနစ်ဦးအထိ အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) ဥက္ကဋ္ဌအဖြစ် ခန့်အပ်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊

(ခ) အတွင်းရေးမှူးအဖြစ် ခန့်အပ်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး အကြီးအကဲ၊

(ဂ) အဖွဲ့ဝင်များအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌက ခန့်အပ်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ သို့မဟုတ် အခြား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အရည်အချင်းပြည့်မီသည့် သင့်လျော်သော ပုဂ္ဂိုလ်များ။

၁၅၂။ ကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၁၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ရာတွင် ဥပဒေ၊ ဤနည်းဥပဒေနှင့် နည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်သည့် သက်တမ်းအတွင်း ၎င်း၏ဆန္ဒအရရာထူးမှ နုတ်ထွက်လိုလျှင် ကော်မရှင်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် နုတ်ထွက်နိုင်သည်။

၁၅၅။ ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ငွေကြေးပမာဏ တစ်ရပ်ရပ်အထိ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အဆိုပြုချက်အား အဆိုပြုချက်စိစစ်ရေးလုပ်ငန်းစဉ်များနှင့်အညီ စိစစ်၍ အတည်ပြုရန်သင့်၊ မသင့် သဘောထားမှတ်ချက် တင်ပြ၍ ထောက်ခံပေးခြင်း၊

(ခ) အတည်ပြုမိန့် ထုတ်ပေးနိုင်ရန် အတည်ပြုလျှောက်ထားလွှာကို အတည်ပြုလျှောက်ထားလွှာ စိစစ်ရေးလုပ်ငန်းစဉ်များနှင့်အညီ စိစစ်၍ အတည်ပြုချက် ထုတ်ပေးခြင်းနှင့်

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ရရှိပြီးနောက်ပိုင်းတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ် ကြပ်မတ်ခြင်း။

၁၅၆။ အောက်ပါအခြေအနေများတွင် အဆိုပြုချက် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာများအား ကော်မရှင်မှသာ စိစစ်ရမည်-

(က) တစ်ခုထက်ပိုသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်း၊

(ခ) ဥပဒေပုဒ်မ ၄၂ (ဃ) နှင့် နည်းဥပဒေ ၁၇ အရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ခြင်း။

၁၅၇။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၅၅ အရ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှ အတည်ပြုမိန့် ထုတ်ပေးပိုင်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အတည်ပြုလျှောက်ထားလွှာအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအပြင် ကော်မရှင်ထံသို့လည်း လျှောက်ထားနိုင်သည်။

၁၅၈။ ကော်မရှင်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအား အတည်ပြုမိန့်နှင့် မြေအသုံးပြုခွင့် လျှောက်ထားလွှာ စိစစ်ခြင်းဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်၊

(ခ) ကော်မရှင်ရုံးမှ အနိမ့်ဆုံး ညွှန်ကြားရေးမှူးရာထူးအဆင့်ရှိသူ အရာရှိတစ်ဦးဦး သို့မဟုတ် အဆိုပါ ရည်ရွယ်ချက်အတွက် ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ သို့မဟုတ် ကော်မရှင်အရာရှိများထံ မြေအသုံးပြုခွင့် လျှောက်ထားလွှာ စိစစ်ခြင်း အခွင့်အာဏာကို လုပ်ပိုင်ခွင့် ခွဲဝေလွှဲအပ်နိုင်သည်။

## အခန်း(၁၅)
## တတိယပုဂ္ဂိုလ်၊အဖွဲ့အစည်း၏ ဝန်ဆောင်မှုအား အသုံးပြုခြင်း

၁၅၉။ ဥပဒေပုဒ်မ ၂၅ (ည) နှင့်အညီ ကော်မရှင်သည် ဥပဒေနှင့် ဤနည်းဥပဒေများအရ ၎င်း၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အကူအညီပေးရန် လွတ်လပ်သည့် ပြင်ပကန်ထရိုက်တာ၊ အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဝန်ဆောင်မှုပေးအပ်သူနှင့် ဆက်သွယ် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ကော်မရှင်သည် ၎င်း၏ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာများအား ယင်းလွတ်လပ်သည့် ပြင်ပကန်ထရိုက်တာ၊ အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဝန်ဆောင်မှုပေးအပ်သူထံ လွှဲအပ်ခြင်းမပြုရ။

## အခန်း(၁၆)
## တစ်နေရာတည်း၌တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးခြင်း

၁၆၀။ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပါဝင်စေလျက် ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူများမှ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အကောင်အထည်ဖော် ရာတွင် လမ်းညွှန်ချက်ပေးခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုအား အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဥပဒေအရ လျှောက် ထားတင်ပြရန်လိုအပ်သည့် လျှောက်ထားလွှာများအား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များကိုယ်စား လက်ခံခြင်း၊

(ဂ) ဥပဒေပုဒ်မ ၄၈ (က) အရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ပြုလုပ်နိုင်သည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား တောင်းခံသည့် တောင်းဆိုမှုများအား လက်ခံခြင်း၊

(ဃ) နစ်နာဆုံးရှုံးမှုများအားဖြေရှင်းရန် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီအား ထောက်ပံ့ကူညီခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအား အကူအညီများပေးခြင်း၊

(င) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်သည့်ဌာနခွဲအား အကူအညီပေးခြင်း။

၁၆၁။ သက်ဆိုင်ရာ လျှောက်ထားလွှာတင်ပြခြင်းနှင့် အခြားလျှောက်ထားတင်ပြခြင်းဆိုင်ရာ လုပ်ငန်းစဉ်၏ စည်းကမ်းချက်များအားလုံးနှင့်ကိုက်ညီလျှင် တစ်နေရာတည်း၌တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းအတွက် တင်ပြသည့် လျှောက်ထားလွှာ တစ်စုံတစ်ရာအား နည်းလမ်းတကျ လျှောက်ထားတင်ပြသည်ဟု မှတ်ယူရမည်။ တစ်နေရာတည်း၌တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးခြင်းအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အောက်ဖော်ပြပါ လျှောက်ထားလွှာ သို့မဟုတ် အခြားတင်ပြလျှောက်ထားချက်များအား လက်မခံရန် သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်နိုင်သည်-

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ အခကြေးငွေ မပေးချေရသေးသော သို့မဟုတ် အခြားအာမခံပစ္စည်းတစ်မျိုးမျိုး မပြသသော လျှောက်ထားလွှာ သို့မဟုတ် တင်ပြလျှောက်ထားချက်၊

(ခ) သက်ဆိုင်ရာ လျှောက်ထားလွှာတင်ပြရေး လိုအပ်ချက်များနှင့် မကိုက်ညီသော၊ လိုအပ်ချက်များအား မပြည့်မီသော လျှောက်ထားလွှာ သို့မဟုတ် တင်ပြလျှောက်ထားချက် သို့မဟုတ်

(ဂ) လျှောက်ထားလွှာ သို့မဟုတ် လျှောက်ထားတင်ပြချက်အားစိစစ်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အရာရှိတစ်ဦးဦးအား မခန့်အပ်ရသေးခြင်း။

၁၆၂။ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်သည့်အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူက နည်းဥပဒေ ၁၆၀ (ဂ) အရ တောင်းခံလာသည့် သတင်းအချက်အလက်များအား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ စာဖြင့်ရေးသား တောင်းခံရမည်ဖြစ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အလုပ်လုပ်ရက် ၁၅ ရက် အတွင်း စာဖြင့်ရေးသား အကြောင်းပြန်ကြားရမည်။

၁၆၃။ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းကို အောက်ဖော်ပြပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့အားဆက်ခံသည့် အဖွဲ့အစည်းများမှ ခွင့်ပြုချက်ပေးနိုင်သည့် အရာရှိများပါဝင်သည့် အဖွဲ့က ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

(ခ) ကုန်သွယ်ရေးဦးစီးဌာန၊

(ဂ) အကောက်ခွန်ဦးစီးဌာန၊

(ဃ) ပြည်တွင်းအခွန်များဦးစီးဌာန၊

(င) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊

(စ) ငါးလုပ်ငန်းဦးစီးဌာန

(ဆ) စိုက်ပျိုးရေးဦးစီးဌာန

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊

(ဈ) သတ္တုတွင်း ဦးစီးဌာန၊

(ည) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊

(ဋ) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊

(ဌ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊

(ဍ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊

(ဎ) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊

(ဏ) ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊

(တ) ကော်မရှင်မှ အခါအားလျော်စွာ သတ်မှတ်သည့် ဌာနများ။

၁၆၄။ ကော်မရှင်အတွင်းရေးမှူးသည် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦးအား တာဝန်ပေးခန့်အပ်ရမည်။ ကော်မရှင်အတွင်းရေးမှူးသည် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

## အခန်း(၁၇)

## ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေးကော်မတီ

၁၆၅။ ကော်မရှင်သည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များဆောင်ရွက်ရန် ဥပဒေပုဒ်မ ၂၇ အရ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီအား သင့်လျော်သည့် ပုဂ္ဂိုလ်များ ပါဝင်စေလျက် ဖွဲ့စည်းရမည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) နည်းဥပဒေ ၁၇၀ နှင့်အညီ အကြောင်းကြားစာများ လက်ခံခြင်း၊

(ဂ) ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူက ပေးပို့သည့် တိုင်ကြားစာများကို လက်ခံခြင်း၊

(ဃ) ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရခြင်းနှင့် စပ်လျဉ်းသည့် တိုင်ကြားသူ၊ အခြားထိခိုက်နစ်နာသူများ၊ ပါဝင်ပတ်သက်သူများနှင့် ရင်းနှီးမြှုပ်နှံသူအကြားတွင် လိုအပ်ပါက အကူအညီပေးခြင်း၊

(င) အပိုဒ်ခွဲ (ဂ) အရ တိုင်ကြားမှုကို ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ထံသို့ အသိပေးအကြောင်းကြားခြင်း၊

(စ) ဥပဒေ ပုဒ်မ ၂၅ (ဃ)၊ ပုဒ်မ ၈၂ နှင့် ပုဒ်မ ၈၃ အရ အငြင်းပွားမှုနှင့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းသည့်စနစ်တစ်ခု တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ပါဝင်ကူညီဆောင်ရွက်ရန်။

၁၆၆။ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ခွင့်ရှိသည်-

(က) နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို လိုအပ်သည်ဟုယူဆပါက ရင်းနှီးမြှုပ်နှံသူအား တင်ပြစေခြင်း၊

(ခ) အပိုဒ်ခွဲ (က) အရ တင်ပြသော သတင်းအချက်အလက်များအား ရရှိသည့်အချိန်အထိ နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုတွင် ပါဝင်ဆောင်ရွက်နေခြင်းအား ဆိုင်းငံ့ထားနိုင်ခြင်း၊

(ဂ) တစ်နေရာတည်း၌တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်သည့် ဌာနများထံမှ အကူအညီ တောင်းခံခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူထံမှ လျှောက်ထားတင်ပြချက်ရရှိပြီးနောက် နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုအကြောင်းအရာ၊ သဘောသဘာဝအား ရှင်းလင်းဖော်ပြခြင်းနှင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထိရောက်စွာ ဖြေရှင်းနိုင်မည့်နည်းလမ်းအား အကြံပြုတင်ပြခြင်း အပါအဝင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊

(င) နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းရှာဖွေရန် ရင်းနှီးမြှုပ်နှံသူမှ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့်တွေ့ဆုံရန် တောင်းဆိုခြင်းခံရပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဆက်သွယ်၍ ရင်းနှီးမြှုပ်နှံသူနှင့်တွေ့ဆုံရန် စီစဉ်ပေးခြင်း၊

(စ) ဥပဒေပုဒ်မ ၈၃ အရ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအချင်းချင်းအကြားဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုများအား တရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားမစွဲဆိုမီ ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား တာဝန်ခံသည့်ဝန်ကြီးဌာနမှ ဝန်ကြီးနှင့် ဆွေးနွေးတိုင်ပင်ရန် ကော်မရှင်ဥက္ကဋ္ဌအား အဆိုပြုတင်ပြခြင်း၊

(ဆ) နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုကိစ္စရပ်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် ပြင်ပမှ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်ထံမှ အကြံဉာဏ်တောင်းခံခြင်း၊

၁၆၇။ ကော်မရှင်သည် အကူးအပြောင်းကာလ မကုန်ဆုံးမီ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် လုပ်ငန်းစဉ် အသေးစိတ် ချမှတ်ရမည်-

(က) ဥပဒေပုဒ်မ ၅၂ နှင့် ၅၃ အရ ပေးချေရမည့် လျော်ကြေးသတ်မှတ်ခြင်းနှင့် ဥပဒေပုဒ်မ ၅၅ နှင့်အညီ စုံစမ်းစစ်ဆေးမှုပြုခြင်း ၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူမှ နိုင်ငံတော်နှင့်ရင်းနှီးမြှုပ်နှံသူအကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအကြား ဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေပုဒ်မ ၈၃ နှင့်အညီ ငြိမ်းချမ်းစွာဖြေရှင်းရန် ထိုက်သင့်သည့် ကြိုးပမ်းမှုများကို အသုံးပြုခြင်း။

၁၆၈။ အစိုးရအဖွဲ့သည် နည်းဥပဒေ ၁၆၇ ပါလုပ်ငန်းစဉ်အား ဆောင်ရွက်ပြီးစီးမှု မပြုမီအချိန်အထိ ဥပဒေ အခန်း (၁၄) အား ကိုးကား၍ ပြုလုပ်သည့် တောင်းဆိုမှုများအား ဆုံးဖြတ်ရန် ဆိုင်းငံ့ထားရမည်။

၁၆၉။ ဥပဒေပုဒ်မ ၈၂ အရ နစ်နာမှုဖြေရှင်းသည့်နည်းလမ်းအရ ချမှတ်ရမည့် လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် ကော်မရှင်သည် ဥပဒေပုဒ်မ ၈၃ နှင့်အညီ အငြင်းပွားမှုများအား စီမံခန့်ခွဲရန် တာဝန်ယူရမည့် အဖွဲ့အစည်းတစ်ရပ်ရပ် တည်ထောင်ပြီးပါက ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေး ကော်မတီ နေရာတွင် အစားထိုးနိုင်သည်။

## အခန်း(၁၈)

## ရင်းနှီးမြှုပ်နှံသူများ၏ အငြင်းပွားမှုများ

၁၇၀။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ ၎င်း၏နစ်နာဆုံးရှုံးမှု သို့မဟုတ် အငြင်းပွားမှုအကြောင်းအခြင်းရာ တစ်ရပ်ရပ်ရှိလာပါက ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေး ကော်မတီထံ အကြောင်းကြားစာပေးပို့ရမည်-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် ဆုံးဖြတ်ချက် ပြုလုပ်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ခွင့်ပြုမိန့်၊ လိုင်စင်ရယူရန်၊ မှတ်ပုံတင်ရန် သို့မဟုတ် ခွင့်ပြုချက်ရယူရန် တင်ပြသည့် လျှောက်ထားလွှာအား လက်မခံဘဲ လွဲမှားစွာ ငြင်းပယ်ခြင်း၊

(ဂ) ဥပဒေနှင့်အညီ ရရှိသည့် အခွင့်အရေး ၊ အကာအကွယ် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်ရပ်ကို ပျက်ပြယ်စေခြင်း။

၁၇၁။ နည်းဥပဒေ ၁၇၀ အရ ပေးပို့သည့် အကြောင်းကြားစာများအား အောက်ပါအတိုင်း တင်ပြရမည်-

(က) စာဖြင့်ရေးသားရမည်၊

(ခ) မြန်မာဘာသာဖြင့် ရေးသားရမည်၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့် ရေးသားလိုက ရေးသားနိုင်သည်၊

(ဂ) သက်ဆိုင်ရာလျှောက်ထားသူမှ လက်မှတ်ရေးထိုးရမည်၊

(ဃ) သက်ဆိုင်ရာ တင်ပြလျှောက်ထားမှု ဝန်ဆောင်ခ ပေးသွင်းရမည်၊

(င) လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

၁၇၂။ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီသည် လိုအပ်ချက်များ မပြည့်မီသည့် အကြောင်းကြားစာအား လက်ခံရန် ငြင်းပယ်နိုင်ပြီး ထိုသို့ငြင်းပယ်လျှင် ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

၁၇၃။ ဥပဒေပုဒ်မ ၈၃ အရ ရင်းနှီးမြှုပ်နှံသူသည် အောက်ဖော်ပြပါကိစ္စရပ်များ ဆောင်ရွက်ပြီးမှသာ နိုင်ငံတော်နှင့် ရင်းနှီးမြှုပ်နှံသူအကြားဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုကို တရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားစွဲဆို နိုင်သည်-

(က) နည်းဥပဒေ ၁၇၀ အရ အကြောင်းကြားစာပေးပို့ခြင်း၊

(ခ) အငြင်းပွားမှုအား ငြိမ်းချမ်းစွာဖြေရှင်းရန် နည်းဥပဒေနှင့် သက်ဆိုင်ရာ အမိန့်ကြော်ငြာစာတို့တွင် ထုတ်ပြန်ထားသော လုပ်ငန်းအဆင့်ဆင့်များကို ဆောင်ရွက်ခြင်း။

၁၇၄။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံသူအချင်းချင်းအကြား ဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုကို ရင်းနှီးမြှုပ်နှံသူများအချင်းချင်း ချုပ်ဆိုထားသော သဘောတူညီချက်၊ စည်းကမ်းချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍ ပြေလည်မှုမရရှိမှသာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုကို တရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားစွဲဆိုနိုင်သည်။

## အခန်း(၁၉)

## ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ

၁၇၅။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်-

(က) ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို ပြောင်းလဲပြင်ဆင်ရန် တင်ပြလျှောက်ထားမှုကို လက်ခံခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရယူထားသော ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် အခြားခွင့်ပြုချက်များ ရယူရန်အတွက် တင်ပြသော လျှောက်ထားလွှာများ လက်ခံရန်၊

(ဂ) ရင်းနှီးမြှုပ်နှံသူမှ တင်ပြသည့် အစီရင်ခံစာအား လက်ခံရန်၊

(ဃ) ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီမှ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူထံမှ ပေးပို့သော တိုင်ကြားစာများအား လက်ခံရန်၊

(င) ရင်းနှီးမြှုပ်နှံသူမှ ဥပဒေအား လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးရန်၊

(စ) ဥပဒေပုဒ်မ ၆၅ ပါ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများအား လိုက်နာခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများအား စီစဉ်ဆောင်ရွက်ရန်၊

(ဆ) ဥပဒေပုဒ်မ ၈၅ အရ ချမှတ်သင့်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ ကော်မရှင်ထံ အကြံပြုတင်ပြရန်၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ လိုအပ်သော ရင်းနှီးမြှုပ်နှံသူများ၏ အချက်အလက်များအား ရယူရာတွင် ကူညီရန်နှင့်

(ဈ) ရင်းနှီးမြှုပ်နှံသူမှ ဥပဒေအားလိုက်နာခြင်းမရှိကြောင်း ပေးပို့လာသော သတင်းအချက်အလက်များအား လက်ခံရန်။

၁၇၆။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၏ အခန်းကဏ္ဍသည် ရင်းနှီးမြှုပ်နှံသူမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ၎င်းရရှိထားသည့် ခွင့်ပြုချက်တွင် ဖော်ပြထားသော တာဝန်များအား လိုက်နာဆောင်ရွက်ကြောင်း သေချာစေရန် ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စစ်ဆေးရန်ဖြစ်သည်။

၁၇၇။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုချက်အား ပြင်ဆင်လိုသည့်အခါ သို့မဟုတ် နောက်ထပ်သက်ဆိုင်ရာခွင့်ပြုချက်များရယူလိုသည့်အခါ လျှောက်ထားလွှာများအားဥပဒေနှင့် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသော စံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအရ တင်ပြလျှောက်ထားရမည်။

၁၇၈။ ဥပဒေပုဒ်မ ၈၅ အရ ရင်းနှီးမြှုပ်နှံသူတစ်ဦးအပေါ် စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်သင့်ကြောင်း၊ မချမှတ်သင့်ကြောင်း ကော်မရှင်အား အကြံပြုတင်ပြရာတွင် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် အောက်ဖော်ပြပါအကြောင်းအရာများ ပါဝင်သည့် အစီရင်ခံစာအား ကော်မရှင်ထံ တင်ပြရမည်-

(က) ဥပဒေကို ချိုးဖောက်ခြင်း သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်အား ဖောက်ဖျက်ခြင်း ဖြစ်ပေါ်စေသည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးဦး၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု၊

(ခ) ဥပဒေကိုချိုးဖောက်ခြင်း သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်အား ဖောက်ဖျက်ခြင်း အား စုံစမ်းစစ်ဆေးရန် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ ဆောင်ရွက်သည့် လုပ်ငန်း အဆင့်ဆင့်များ၊

(ဂ) ဥပဒေကို ချိုးဖောက်ကြောင်း ရင်းနှီးမြှုပ်နှံသူအား အကြောင်းကြား ထားခြင်း ရှိ၊ မရှိ၊

(ဃ) ဥပဒေကို ချိုးဖောက်ကြောင်း သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်အား ဖောက်ဖျက် ခြင်းကို ကုစားရန် ရင်းနှီးမြှုပ်နှံသူအား တစ်စုံတစ်ရာ တောင်းဆိုထားခြင်း ရှိ၊ မရှိ၊

(င) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေအား ယခင်က ဖောက်ဖျက်ခဲ့ဖူးခြင်း သို့မဟုတ် ခွင့်ပြုချက် ပါ စည်းကမ်းချက်အား ယခင်က ဖောက်ဖျက်ခဲ့ဖူးခြင်း ရှိ၊ မရှိ သို့မဟုတ် စီမံခန့်ခွဲရေး ပြစ်ဒဏ်အား ယခင်က ချမှတ်ခံရဖူးခြင်း ရှိ၊ မရှိ ၊

(စ) ဥပဒေကိုချိုးဖောက်ခြင်းကြောင့် ကုစားရန်တောင်းဆိုချက်အပေါ် ရင်းနှီးမြှုပ်နှံသူမှ တစ်စုံတစ်ရာဆောင်ရွက်ခြင်း ရှိ၊ မရှိ။

(ဆ) အကြံပြုတင်ပြထားသော စီမံခန့်ခွဲရေးပြစ်ဒဏ်သည် ဖောက်ဖျက်သည့်အခြေအနေနှင့် အချိုးကျကိုက်ညီကြောင်း ရှင်းလင်းချက်နှင့်

(ဇ) ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်သည် အခြားတူညီသည့် အခြေအနေတစ်ခုအတွက် ချမှတ်သည့် အခြား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များနှင့် ကိုက်ညီမှုရှိကြောင်း အတည် ပြုချက်။

၁၇၉။ စည်းကမ်းမလိုက်နာခြင်းအတွက် ကော်မရှင်က စီမံခန့်ခွဲရေးပြစ်ဒဏ်များ ချမှတ်နိုင်ရန် တင်ပြ ရမည့် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၏ တာဝန်သည် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းမှ သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းအတွက် အရေးယူနိုင်သည့် လုပ်ပိုင်ခွင့် အား ထိခိုက်ခြင်းမရှိစေရ။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ၎င်းတာဝန်ယူဆောင်ရွက် ရသည့် သက်ဆိုင်ရာ နိုင်ငံတော်၏ ဥပဒေများကို အကျိုးသက်ရောက်မှု ရှိစေရန် ဆောင်ရွက်ရန် တာဝန်ရှိသည်။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ စည်းမျဉ်းချမှတ် ခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်းများ ဆောင်ရွက်ရေးအတွက် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင် သည့် သတင်းအချက်အလက်များ ဝေမျှနိုင်သည်။

၁၈၀။ နည်းဥပဒေ ၁၇၅ (ဇ) အရ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများအား အကူအညီပေးရာတွင် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် ရင်းနှီးမြှုပ်နှံသူထံမှ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ ရရှိနိုင်သော သတင်းအချက်အလက်များအား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ပေးအပ်နိုင်သည်။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် နည်းဥပဒေ ၁၇၅ ပါ ရည်ရွယ်ချက်အလို့ငှာ ရင်းနှီးမြှုပ်နှံသူထံမှ သတင်းအချက်အလက်များ ပေးအပ်ရန် တောင်းဆိုနိုင်သည်။

၁၈၁။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်သည့်ဌာနများထံမှ ကွင်းဆင်းစစ်ဆေးခြင်း အပါအဝင် လိုအပ်သော အကူအညီများ တောင်းခံနိုင်သည်။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် လိုအပ်သည့် သတင်းအချက်အလက်များနှင့် အကူအညီများ ပေးအပ်ရမည်။

၁၈၂။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် ရင်းနှီးမြှုပ်နှံသူထံမှ သတင်းအချက်အလက်များ ထပ်မံတောင်းခံနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုအား လေ့လာအကဲဖြတ်ရန် ကွင်းဆင်းစစ်ဆေးနိုင်သည်။

၁၈၃။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် ဥပဒေပုဒ်မ ၄၈ (က) အရ ပြုလုပ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ စာဖြင့်ရေးသား တောင်းခံရယူနိုင်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အလုပ်လုပ်ရက် ၁၅ ရက် အတွင်း စာဖြင့်ရေးသား အကြောင်းပြန်ရမည်။

၁၈၄။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအတွက် လိုအပ်သည်ဟု ယူဆပါက သတင်းအချက်အလက်များ သို့မဟုတ် သက်သေခံချက်များ ပေးအပ်ရန် ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားစာ ပေးပို့၍ တောင်းခံနိုင်သည်-

(က) ဥပဒေနှင့်ခွင့်ပြုချက်ပါ စည်းကမ်းချက်များအား လိုက်နာခြင်း ရှိ၊ မရှိ ကြီးကြပ်ရန်၊

(ခ) လျှောက်ထားတင်ပြချက်များနှင့် ပူးတွဲဖော်ပြသော စာရွက်စာတမ်းများတွင် ဖော်ပြထားသော သတင်းအချက်အလက်များအား အတည်ပြုရန်၊

(ဂ) နိုင်ငံတော်အတွင်းပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရန်။

၁၈၅။ နည်းဥဒေ ၁၈၄ အရ တောင်းခံရာတွင် ဥပဒေနှင့် ဤနည်းဥဒေများတွင် ရည်ညွှန်းထားသည့် ရည်ရွယ်ချက်များနှင့်သာ တောင်းခံရမည်ဖြစ်ပြီး ကော်မရှင်၏ တာဝန်များထမ်းဆောင်ရန် လိုအပ်သည့် အတိုင်းအတာအထိသာ တောင်းခံရမည်။ ရင်းနှီးမြှုပ်နှံသူသည် ထုတ်ဖော်ပြောကြားရန် မလို

အပ်သည့် သတင်းအချက်အလက်များကို ပေးအပ်ရန် မလိုအပ်သော်လည်း တောင်းခံသည့် သတင်း အချက်အလက်များကိုမူ ကော်မရှင်မှ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပေးအပ်ရမည်။

## အခန်း(၂၀)

## ရင်းနှီးမြှုပ်နှံသူ၏တာဝန်ဝတ္တရားများ

၁၈၆။ ဥပဒေပုဒ်မ ၆၅ (ဓ) အရ သိမ်းဆည်းထားရှိရမည့် မှတ်တမ်းများနှင့် သတင်းအချက်အလက် များသည် ကုမ္ပဏီနှင့် အခွန်ဆိုင်ရာဥပဒေများအရ သိမ်းဆည်းထားရှိရမည့် ငွေရေးကြေးရေးမှတ်တမ်း များနှင့် သတင်းအချက်အလက်များဖြစ်ပြီး ယင်းဥပဒေများတွင် ပြဋ္ဌာန်းထားသော စံနှုန်းများနှင့်အညီ သိမ်းဆည်းထားရှိရမည်။

၁၈၇။ ဥပဒေပုဒ်မ ၆၅ (တ) အရ ဝင်ရောက်စစ်ဆေးနိုင်သည့် ကော်မရှင်၏ လုပ်ပိုင်ခွင့်တွင် ရင်းနှီး မြှုပ်နှံမှုနှင့် သက်ဆိုင်သော မှတ်တမ်းများကို စစ်ဆေးခွင့်နှင့် ရင်းနှီးမြှုပ်နှံသူ၏ ဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် ဝန်ထမ်း မည်သူ့ကိုမဆို မေးမြန်းနိုင်ခွင့်ပါဝင်သည်။

၁၈၈။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေကို ချိုးဖောက်ကြောင်း ယုံကြည်ရန် အကြောင်းရှိပါက ကော်မရှင် သည် နည်းဥပဒေ ၁၈၇ နှင့်အညီ စုံစမ်းစစ်ဆေးရေးအတွက် စုံစမ်းစစ်ဆေးခြင်းမစတင်မီ အကြောင်း ကြားစာအား အဆိုပါ ရင်းနှီးမြှုပ်နှံသူထံ ပေးပို့ရမည်။

၁၈၉။ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များ ဆောင်ရွက်မှုအခြေအနေများ လိုအပ်သည့် ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ရရှိပြီးနောက် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် ကာလ တစ်လျှောက်လုံးလိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များ ဆောင်ရွက်မှု အခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

၁၉၀။ ဥပဒေပုဒ်မ ၆၅ (ထ) နှင့် အကျုံးဝင်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံသူသည် ပဏာမ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတင်သွင်းခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရယူခြင်း၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်နှင့်အညီဆောင်ရွက်ခြင်းတို့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ကြောင်း အတည် ပြုချက် တင်ပြရမည်။ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ဆက်လက် ဆောင်ရွက်ခွင့် ပြု၊ မပြု ဆုံးဖြတ်ချက်သည် အဆိုပါ လိုက်နာဆောင်ရွက်မှုအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

၁၉၁။ ဥပဒေပုဒ်မ ၇၂ အရ အစုရှယ်ယာ သို့မဟုတ် လုပ်ငန်းအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ လွှဲပြောင်းရာတွင် ရင်းနှီးမြှုပ်နှံသူနှင့် ဆက်စပ်သည့်အဖွဲ့အစည်း မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသို့ လွှဲပြောင်းခြင်းဖြစ်ပါက အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မရှင်ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်-

(က) ရင်းနှီးမြှုပ်နှံသူ၏ အများစု ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှုကို ရယူလွှဲပြောင်းခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူ ပိုင်ဆိုင်သော ပစ္စည်းများ၏ ၅၀ ရာခိုင်နှုန်း အထက်အား ရယူလွှဲပြောင်းခြင်း။

၁၉၂။ နည်းဥပဒေ ၁၉၁ အရ အစုရှယ်ယာ သို့မဟုတ် လုပ်ငန်းလွှဲပြောင်းရယူမည့် အဆိုပြုပုဂ္ဂိုလ်သည် လွှဲပြောင်းရယူသည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှတပါး အခြားကိစ္စရပ်များအား ဆောင်ရွက်ခြင်းမပြုရ။

၁၉၃။ နည်းဥပဒေ ၁၉၁ အရ ကော်မရှင်ထံသို့ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံသူ ဆောင်ရွက်လိုသည့် အဆိုပြုလုပ်ဆောင်ချက်၊ လွှဲပြောင်းရယူမည့် အဆိုပြုပုဂ္ဂိုလ်သည် နည်းဥပဒေ ၆၄ (ဃ) (င) (စ) နှင့် (ဆ) တွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များနှင့်ပြည့်မီကြောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ပြုချက် ပါဝင်သည့် လျှောက်ထားလွှာအား တင်ပြရမည်။

၁၉၄။ နည်းဥပဒေ ၁၉၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီပါက သို့မဟုတ် လွှဲပြောင်းခြင်းသည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆိုးကျိုးမသက်ရောက်ပါက ကော်မရှင်သည် ခွင့်ပြုနိုင်သည်။

၁၉၅။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားတင်ပြချက်အား လက်ခံစဉ်းစားလျက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တိုင်ပင်ခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်း ပြုလုပ်နိုင်သည်။

၁၉၆။ ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း အောက်ဖော်ပြပါ အကြောင်းအရာများ အသေးစိတ်ပါရှိသည့် နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ထားသောပုံစံဖြင့် ကော်မရှင်ထံ တင်ပြရမည်-

(က) ရင်းနှီးမြှုပ်နှံမှုအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုးတက်မှုများ၊

(ခ) လျှောက်ထားလွှာတွင်ပါဝင်သည့် ဖော်ပြချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသည့် အောက်ပါ ပြောင်းလဲမှုများ-

(၁) ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် မတည်ရင်းနှီးငွေအား ပြောင်းလဲမှုရှိ၊ မရှိ၊

(၂) ရင်းနှီးမြှုပ်နှံသူနှင့် အကျိုးစီးပွားပါဝင်သော အစုရှယ်ယာရှင်များ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူများ ပြောင်းလဲမှုရှိ၊ မရှိ၊

(၃) ရင်းနှီးမြှုပ်နှံမှုအတွက် အလုပ်ခန့်အပ်ထားသည့် အခြေအနေ၊

(၄) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှု၊

(၅) ရင်းနှီးမြှုပ်နှံမှုအတွက် မြေအသုံးပြုမှုနှင့် မြေ သို့မဟုတ် မြေအသုံးချမှု ပြောင်းလဲခြင်း ရှိ၊ မရှိ၊

(ဂ) ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုသည် ဥပဒေ ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအား မည်သို့အထောက်အကူပြုနေကြောင်း၊

(ဃ) ခွင့်ပြုချက်၏ စည်းကမ်းများအား ရင်းနှီးမြှုပ်နှံသူမှ လိုက်နာကြောင်းနှင့် လိုက်နာရန် ပျက်ကွက်ပါက ပျက်ကွက်ရသည့်အကြောင်းအရင်း ၊

(င) ခွင့်ပြုချက်ရရှိသည့်နေ့ သို့မဟုတ် ယခင်နှစ်စဉ်အစီရင်ခံစာ တင်ပြသည့်နေ့မှစ၍ ရင်းနှီးမြှုပ်နှံသူမှ ရရှိသော လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုမိန့်များနှင့် ခွင့်ပြုချက်များ၊

(စ) ရင်းနှီးမြှုပ်နှံမှုအား တာဝန်ယူမှုရှိသော၊ ရေရှည်တည်တံ့သော သိန္နိဋ္ဌာန်ဖြင့် မည်သို့ဆောင်ရွက်နေကြောင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိထားပါက -

(၁) နှစ်တစ်နှစ်အတွင်း ခံစားခွင့်တောင်းခံခဲ့သော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၏ ခန့်မှန်းခြေတန်ဖိုး သို့မဟုတ် ခံစားခဲ့သော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တန်ဖိုးနှင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခြင်း၊

(၂) အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား ဤနည်းဥပဒေများအရ ပြန်လည်တွက်ချက်ခြင်း သို့မဟုတ် ပြန်လည်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်

တွက်ချက်ရန် သို့မဟုတ် ပြန်လည်ထုတ်ပေးရန် မလိုအပ်ကြောင်း အတည်ပြု ဖော်ပြခြင်း၊

(၃) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၅ အရ ကင်းလွတ်ခွင့် ရရှိခံစားခဲ့လျှင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် သက်ဆိုင်ရာဇုန်အား အတည်ပြုဖော်ပြခြင်းနှင့်

(၄) ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် ပို့ကုန်ဝင်ငွေများ၊

(ဓ) စာရင်းစစ်ဆေးပြီးသော ရင်းနှီးမြှုပ်နှံသူ၏ ငွေစာရင်းရှင်းတမ်း၊

(ဈ) ကော်မရှင်မှ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၉၇။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင်တစ်ကြိမ် ကော်မရှင်က သတ်မှတ်တောင်းခံသည့်ပုံစံဖြင့် တင်ပြရမည်။

၁၉၈။ ဥပဒေ ပုဒ်မ ၇၂ အရ ရင်းနှီးမြှုပ်နှံသူသည် မြေအသုံးပြုခွင့်အား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းတို့နှင့် သက်ဆိုင်သည့် အချက်အလက်များအား လုပ်ငန်းအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၁၉၉။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၉၆ အရ တင်ပြသော နှစ်စဉ်အစီရင်ခံစာ၏ အကျဉ်းချုပ်ကို ကော်မရှင်ထံ တင်ပြသည့်နေ့မှစ၍ သုံးရက်အတွင်း ယင်း၏ဝက်ဘ်ဆိုဒ်တွင်ဖြစ်စေ၊ ကော်မရှင်၏ ဝက်(ဘ်)ဆိုဒ်တွင်ဖြစ်စေ အများပြည်သူသိရှိစေရန် ထုတ်ပြန်ရမည်။ ယင်း၏ဝက်(ဘ်)ဆိုဒ်တွင် ထုတ်ပြန်ပါက ဝက်(ဘ်)ဆိုဒ် လိပ်စာကို ကော်မရှင်သို့ အကြောင်းကြားရမည်။

၂၀၀။ မြေအသုံးပြုခွင့် ရရှိသော ရင်းနှီးမြှုပ်နှံသူသည် -

(က) မြေအသုံးပြုခွင့်နှင့် အကျုံးဝင်သက်ဆိုင်သော မြေ သို့မဟုတ် အဆောက်အဦ ငှားရမ်းခြင်းစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ကော်မရှင်ထံ တင်ပြရမည်၊

(ခ) မြေအသုံးပြုခွင့်နှင့် အကျုံးဝင်သက်ဆိုင်သော မြေ သို့မဟုတ် အဆောက်အဦး ငှားရမ်းခြင်း စာချုပ်ကို သက်တမ်းတိုးမြှင့်ပါက အသေးစိတ်အချက်အလက်များကို ကော်မရှင်ထံ တင်ပြရမည်၊

(ဂ) မြေအသုံးပြုခွင့်နှင့် အကျုံးဝင်သက်ဆိုင်သော မြေအသုံးချမှု ပြောင်းလဲခြင်း အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ခွင့်ပြုချက် ရယူရမည်ဖြစ်ပြီး သက်ဆိုင်ရာ စာရွက်စာတမ်းမိတ္တူကို ကော်မရှင်ထံ တင်ပြရမည်။

၂၀၁။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအားလုံး သို့မဟုတ် သီးခြားသတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် လိုအပ်သည်ဟု ယူဆသော အခြားအစီရင်ခံတင်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များအား ရင်းနှီးမြှုပ်နှံသူကို အချိန်အပိုင်းအခြားအလိုက်ဖြစ်စေ၊ ယာယီဖြစ်စေ ပေးအပ်ရန် သတ်မှတ်နိုင်သည်။

၂၀၂။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်သည့်အခါ ခွင့်ပြုမိန့်နှင့် အခြားသက်ဆိုင်သည့် ဥပဒေများတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များအားလုံးကို လိုက်နာရမည်။

၂၀၃။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူများအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြည့်အဝ ကူညီဆောင်ရွက်ပေးရမည်။

၂၀၄။ ဤနည်းဥပဒေများတွင်ဖြစ်စေ၊ နောင်ပြင်ဆင်ဖြည့်စွက်မည့် နည်းဥပဒေများတွင်ဖြစ်စေ၊ အမိန့်ကြော်ငြာစာများတွင်ဖြစ်စေ အတိအလင်း ဖော်ပြထားသည်မှလွဲ၍ ဥပဒေအရ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများသည် နိုင်ငံတော်၏ ဥပဒေအရ သတ်မှတ်သော တာဝန်ဝတ္တရားအတိုင်းသာ သက်ရောက်စေရမည်ဖြစ်ပြီး နိုင်ငံတော်၏ အခြားဥပဒေများနှင့် မဆန့်ကျင်စေဘဲ ရင်းနှီးမြှုပ်နှံသူအပေါ် နောက်ထပ်တာဝန်ဝတ္တရားများ ထပ်မံကျရောက်ခြင်း မရှိစေရ။

၂၀၅။ ဥပဒေ ပုဒ်မ ၆၉ နှင့် ၇၀ ပါ ပြဋ္ဌာန်းချက်များသည် ရင်းနှီးမြှုပ်နှံသူမှ သက်ဆိုင်ရာ ပဋိညာဉ်စာချုပ်များမချုပ်ဆိုမီ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ဦးစွာရယူရမည့် စာချုပ်များနှင့်သာ သက်ဆိုင်ပြီး ရင်းနှီးမြှုပ်နှံမှုတည်ထောင်ခြင်း သို့မဟုတ် လည်ပတ်ဆောင်ရွက်ခြင်းအတွက် သာမန်စီးပွားရေးလုပ်ငန်းစဉ်အတိုင်း ချုပ်ဆိုရသော ပဋိညာဉ်စာချုပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းဥပဒေပုဒ်မများနှင့် အကျုံးဝင်သက်ဆိုင်သော ပဋိညာဉ်စာချုပ်များအား ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်နှင့်အညီ သို့မဟုတ် သက်တမ်းတိုးရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြုချက်ရရှိမှုနှင့်အညီ ချုပ်ဆိုရမည်။

၂၀၆။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသား ကျွမ်းကျင်သူအား ဥပဒေပုဒ်မ ၅၁(က) အရ အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ သို့မဟုတ် အကြံပေးအဖြစ် ခန့်အပ်လိုပါက အဆိုပါ နိုင်ငံခြားသား ကျွမ်းကျင်သူ၏ နိုင်ငံကူးလက်မှတ်၊ ကျွမ်းကျင်မှုအထောက်ထား သို့မဟုတ် ဘွဲ့လက်မှတ် နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ကော်မရှင်ရုံးသို့ တင်ပြလျှောက်ထား၍ ခွင့်ပြုချက် ရယူရမည်။

## အခန်း(၂၁)

## ဘဏ္ဍာငွေများလွှဲပြောင်းခြင်း

၂၀၇။ ဤနည်းဥပဒေများတွင်ဖြစ်စေ၊ နောင်တွင်ဖြည့်စွက်မည့် နည်းဥပဒေများတွင်ဖြစ်စေ၊ သို့မဟုတ် အမိန့်ကြော်ငြာစာ များတွင်ဖြစ်စေ အခြားနည်းဖြင့် အတိအလင်း ဖော်ပြထားသည်မှလွဲ၍ ဥပဒေ ပုဒ်မ ၅၇၊ ၅၉ နှင့် ၆၁ တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများသည် နိုင်ငံတော်၏ ဥပဒေများအရ သတ်မှတ်သော တာဝန်ဝတ္တရားများအတိုင်းသာ အကျိုးသက်ရောက်စေရမည်။ ယင်းပုဒ်မများအရ နိုင်ငံတော်၏ အခြားဥပဒေများနှင့် ဆန့်ကျင်မှုမရှိစေရဘဲ ရင်းနှီးမြှုပ်နှံသူအပေါ် နောက်ထပ်တာဝန် ဝတ္တရားများ ထပ်မံ ကျရောက်ခြင်း မရှိစေရ။

၂၀၈။ ဥပဒေ ပုဒ်မ ၅၈ အရ ဘဏ္ဍာငွေများ လွှဲပြောင်းခြင်းအတွက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူမှ ရရှိသော အခွင့်အရေးတွင် အမြတ်ဝေစုများ လွှဲပြောင်းခြင်း ပါဝင်သည်။

၂၀၉။ ဥပဒေပုဒ်မ ၅၉ အား ကန့်သတ်ခြင်းမရှိစေဘဲ အောက်ဖော်ပြပါကိစ္စရပ်များ ပေါ်ပေါက်လာလျှင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် အခွန်ဆိုင်ရာတာဝန်များ၊ အဆိုပြုထားသည့် ဘဏ္ဍာငွေလွှဲပြောင်း ခြင်းနှင့် ဆောင်ရွက်မည့်အဆိုပြုနည်းလမ်း စသည်တို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်များ အားလုံးပါဝင်သည့် လျှောက်ထားလွှာအား ကော်မရှင်ထံ တင်ပြ၍ ခွင့်ပြုချက်ရယူရမည် -

(က) ဥပဒေပုဒ်မ ၅၆ (ဂ)၊ (င) နှင့် (စ) တို့တွင် ရည်ညွှန်းထားသော ဘဏ္ဍာငွေ အမျိုးအစား များအား လွှဲပြောင်းပေးရန် အဆိုပြုခြင်း၊

(ခ) နိုင်ငံတော်အတွင်း အခွန်ပေးဆောင်ရန် တာဝန်ရှိခြင်း သို့မဟုတ် အလားအလာ ရှိသော၊ အငြင်းပွားမှု ဖြစ်ပွားနေသော တာဝန်ဝတ္တရားများ ဆောင်ရွက်ရန် ကျန်ရှိခြင်း။

၂၁၀။ နည်းဥပဒေ ၂၀၉ ပါ ကိစ္စရပ်များအရ လွှဲပြောင်းခြင်းသည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆိုးကျိုးမသက်ရောက်ပါက ကော်မရှင်သည် ခွင့်ပြုချက် ထုတ်ပေးရမည်။ ကော်မရှင်သည် ရင်းနှီး မြှုပ်နှံသူ၏ တင်ပြလျှောက်ထားခြင်းအား လက်ခံစဉ်းစားရာတွင် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တိုင်ပင်ခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်း ပြုလုပ်နိုင်သည်။

၂၁၁။ ဥပဒေပုဒ်မ ၆၀ တွင် ရည်ညွှန်းထားသော တရားဝင်ခွင့်ပြုမိန့် ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် ဝင်ငွေရရှိရေးအတွက် အလုပ် လုပ်ကိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ပေးအပ်သော မည်သည့် ခွင့်ပြုချက်ကိုမဆို ဆိုသည်။

## အခန်း(၂၂)
## အာမခံထားရှိခြင်း

၂၁၂။ ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းသဘာဝအပေါ် မူတည်၍ အောက်ပါ အာမခံအမျိုးအစားများအနက် သက်ဆိုင်သည့် အာမခံအမျိုးအစားကို နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် အာမခံထားရှိရမည်-

(က) ပစ္စည်းနှင့်စီးပွားရေးလုပ်ငန်းရပ်ဆိုင်းမှုအာမခံ၊

(ခ) အင်ဂျင်နီယာလုပ်ငန်းအာမခံ၊

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ရှိမှုအာမခံ၊

(ဃ) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊

(င) ရေကြောင်းအာမခံ၊

(စ) အလုပ်သမားလျော်ကြေးအာမခံ။

၂၁၃။ ဤနည်းဥပဒေသည် အခြားသက်ဆိုင်ရာဥပဒေအရ လိုအပ်သော အာမခံမူဝါဒကြောင့် အခြားအာမခံများ ထားရှိရမည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်အပေါ် ကန့်သတ်ခြင်းမရှိစေရ။

## အခန်း(၂၃)
## ဝန်ဆောင်စရိတ်သတ်မှတ်ခြင်း

၂၁၄။ ကော်မရှင်သည် ဥပဒေပုဒ်မ ၂၆ နှင့်အညီ လျှောက်လွှာကြေးနှင့် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊ မြေအသုံးပြုခွင့် ထုတ်ပေးခြင်း အတွက် ဝန်ဆောင်စရိတ်အပါအဝင် သက်ဆိုင်ရာလုပ်ငန်း တာဝန်များ ဆောင်ရွက်ခြင်းအတွက် ရင်းနှီးမြှုပ်နှံသူထံမှ ကောက်ခံရန် ဝန်ဆောင်စရိတ် သတ်မှတ်နိုင်သည်။ ကော်မရှင်သည်-

(က) ကော်မရှင် အသုံးပြုသော ဝက်(ဘ်)ဆိုက်ပေါ်တွင် လက်ရှိကောက်ခံနေသော ဝန်ဆောင်စရိတ်နှုန်းထားများအား မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ပြန်ရမည်။

(ခ) လက်ရှိကောက်ခံနေသော ဝန်ဆောင်စရိတ်နှုန်းထားများအား ကော်မရှင်ရုံး၏ ထင်သာမြင်သာရှိသော နေရာတွင် ဖော်ပြရမည်။

(ဂ) ဝန်ဆောင်စရိတ်များဆိုင်ရာ ဇယားတွင် ထုတ်ပြန်ထားသော ဝန်ဆောင်စရိတ်များ မှလွဲ၍ အခြားစရိတ်များ မကောက်ခံရ။

(ဃ) နည်းဥပဒေ ၂၁၅ နှင့်အညီ ဝန်ဆောင်စရိတ်များအား ခွဲခြားဆက်ဆံမှုမရှိဘဲ မဖြစ်မနေ ပေးဆောင်ရမည့်စနစ်ဖြင့် ကောက်ခံရမည်။

(င) သက်ဆိုင်ရာ ဝန်ဆောင်စရိတ်များ ပေးဆောင်ပြီးပါ က ငွေရရှိကြောင်းပြေစာ ထုတ်ပေး ရမည်။

၂၁၅။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှု၏ အရွယ်အစားနှင့် အမျိုးအစားအလိုက် မတူညီသော ဝန်ဆောင်စရိတ် သို့မဟုတ် ဝန်ဆောင်စရိတ်မှသက်သာခွင့်ကို မျှတသည့် သတ်မှတ်ချက်များအပေါ် တွင် အခြေခံ၍ သတ်မှတ်နိုင်သည်။

## အခန်း(၂၄)

## စီမံခန့်ခွဲရေးပြစ်ဒဏ်များ

၂၁၆။ ဥပဒေပုဒ်မ ၈၅ အရ ချမှတ်မည့် စီမံခန့်ခွဲရေးပြစ်ဒဏ်သည် ချိုးဖောက်သည့် အခြေအနေနှင့် အချိုးကျ ကိုက်ညီမှုရှိရမည်ဖြစ်ပြီး တူညီသောအခြေအနေများတွင် အခြားရင်းနှီးမြှုပ်နှံသူများအပေါ် ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်များနှင့် ရှေ့နောက်ညီညွတ်မှုရှိရမည်။

၂၁၇။ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် မချမှတ်မီ ကော်မရှင်သည် -

(က) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲမှ နည်းဥပဒေ ၁၇၈ အရ တင်ပြသည့် အစီရင်ခံစာ အား လေ့လာသုံးသပ်ရမည်၊

(ခ) အဆိုပြုထားသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်အတွက် ဆုံးဖြတ်ရမည်၊

(ဂ) ဥပဒေပုဒ်မ ၈၅ (ခ) အရ အောက်ဖော်ပြပါအကြောင်းအရာများ ပါဝင်သည့် အကြောင်း ကြားစာအား ရင်းနှီးမြှုပ်နှံသူထံ ပေးပို့ရမည်၊

(၁) ဥပဒေ သို့မဟုတ် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ပါ စည်းကမ်းချက်အား ဖောက်ဖျက်မှု ဖြစ်ပေါ်စေသည့် ရင်းနှီးမြှုပ်နှံသူ၏ လုပ်ဆောင်မှု သို့မဟုတ် ပျက်ကွက်မှု၊

(၂) ချမှတ်မည့် စီမံခန့်ခွဲရေးပြစ်ဒဏ် နှင့်

(၃) ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များ။

(ဃ) ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူမှ ဖောက်ဖျက်မှုအား ကုစားနိုင်သည်ဟု ယူဆပါက ဖောက်ဖျက်မှုအား ကုစားရန် ရင်းနှီးမြှုပ်နှံသူမှ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် ယင်းလုပ်ငန်းအဆင့်ဆင့်အား ပြီးမြောက်အောင် ဆောင်ရွက်ရမည့် အချိန်သတ်မှတ်ချက်တို့ကို အကြောင်းကြားစာတွင် ရေးသားဖော်ပြရမည်။

(င) ချမှတ်မည့် စီမံခန့်ခွဲရေးပြစ်ဒဏ်သည် ဥပဒေ ပုဒ်မ ၈၅ (က) (၂) နှင့် (၃) တို့အရ ယာယီရပ်ဆိုင်းခြင်းဖြစ်လျှင် ယာယီရပ်ဆိုင်းမှုကို ရုပ်သိမ်းစေရန် ဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အကြောင်းကြားစာတွင် ဖော်ပြရမည်။

(စ) ကော်မရှင်သည် တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် ဖောက်ဖျက်ရာတွင် ပါ ဝင်ကြောင်းပေါ်ပေါက်ပြီး ယင်းအပေါ် စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်လိုပါက ယင်း၏ အမည်အပြည့်အစုံနှင့် ဥပဒေ ပုဒ်မ ၈၅ (က) (၅) အရ နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်းတွင် ၎င်း၏အမည် ထည့်သွင်းမည်ဖြစ်ကြောင်း အကြောင်းကြားစာတွင် ဖော်ပြရမည်။

(ဆ) ဥပဒေပုဒ်မ ၈၅ (ခ) အရ ချမှတ်ရန် လိုအပ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်နှင့် အကြောင်းကြားစာအား ပြန်လည်ဖြေရှင်းတင်ပြရန် ရင်းနှီးမြှုပ်နှံသူအား အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၀ ရက် ထက်မနည်းသော အချိန်သတ်မှတ်ပေးရမည်။ သို့ရာတွင် ဖောက်ဖျက်မှု၏ အကျိုးသက်ရောက်မှုကြောင့် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည်ဟု ကော်မရှင်မှ ယုံကြည်ရန်အကြောင်းရှိပါက ယင်းအချိန်သတ်မှတ်ချက်ကို လျှော့ချနိုင်သည်။

၂၁၈။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၂၁၇ အရ ထုတ်ပြန်သည့် အကြောင်းကြားစာအား ပြန်လည်ဖြေရှင်းတင်ပြရာတွင် မိမိ၏ ဖောက်ဖျက်မှုအတိမ်အနက်နှင့် စီမံခန့်ခွဲမှုပြစ်ဒဏ် မျှတမှု ရှိ၊ မရှိ ကိုဖြစ်စေ၊ မိမိ၏ဖောက်ဖျက်ခြင်းကို ကုစားရန် ကော်မရှင်မှ သတ်မှတ်သည့် လုပ်ငန်းအဆင့်ဆင့်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ကိုဖြစ်စေ ဖော်ပြလျက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကော်မရှင်ထံ တင်ပြရမည်။

၂၁၉။ နည်းဥပဒေ ၂၁၈ အရ ရင်းနှီးမြှုပ်နှံသူ၏ ဖြေရှင်းချက်တင်ပြမှုအား လက်ခံစဉ်းစားလျှင်ဖြစ်စေ၊ အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အချိန်ကာလကုန်ဆုံးချိန်ထိ ဖြေရှင်းချက်တင်ပြခြင်း မပြုလျှင်ဖြစ်စေ၊ ကော်မရှင်သည် ကနဦးအဆိုပြုထားသော စီမံခန့်ခွဲရေးပြစ်ဒဏ်နှင့် ကွဲပြားသည့်

ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်လျှင်ဖြစ်စေ၊ အရေးယူဆောင်ရွက်ခြင်း မပြုလျှင်ဖြစ်စေ ကော်မရှင်သည် မိမိ၏ နောက်ဆုံးအပြီးသတ် ဆုံးဖြတ်ချက်ကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

၂၂၀။ နည်းဥပဒေ ၂၁၉ အရ အကြောင်းကြားစာတွင် ပြစ်ဒဏ် စတင်အကျိုးသက်ရောက်မည့် နေ့ရက်ကို ဖော်ပြရမည်။ ကော်မရှင်သည် ဥပဒေ ပုဒ်မ ၈၆ (ခ) နှင့် နည်းဥပဒေ ၂၁၉ အရ ပြုလုပ်သည့် အပြီးသတ်ဆုံးဖြတ်ချက် ရရှိသည်နှင့်တစ်ပြိုင်နက် ရင်းနှီးမြှုပ်နှံသူ၊ အခြားသက်ဆိုင်သူ သို့မဟုတ် အဖွဲ့အစည်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ အကြောင်းကြား၍ လိုအပ်သည့် ဆောင်ရွက်မှုများ စီမံဆောင်ရွက်ရမည်။

၂၂၁။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ထားသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို လိုက်နာဆောင်ရွက်ရမည်။

၂၂၂။ ကော်မရှင်သည် နိုင်ငံတော်အတွက်အကျိုးရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိပြီး ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် တွဲဖက်လုပ်ကိုင်သူသည် ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအား ထပ်မံဖောက်ဖျက်ရန်မရှိကြောင်း ကော်မရှင်က ယုံကြည်သည်အထိ ဆောင်ရွက်ပြသပါက အဆိုပါရင်းနှီးမြှုပ်နှံသူ သို့မဟုတ် တွဲဖက်လုပ်ကိုင်သူအား ဥပဒေပုဒ်မ ၈၅ (က) (၅) တွင် ရည်ညွှန်းထားသည့် နာမည်ပျက် စီးပွားရေးလုပ်ငန်းစာရင်းမှ ပယ်ဖျက်နိုင်သည်။

၂၂၃။ ကော်မရှင်သည် နိုင်ငံတော်၏ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံသူကို တရားစွဲဆိုစေရန် သို့မဟုတ် အရေးယူဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား ထောက်ခံတင်ပြနိုင်သည်။

## အခန်း(၂၅)
## အကူးအပြောင်းကာလနှင့် အထွေထွေပြဋ္ဌာန်းချက်များ

၂၂၄။ ယခင်ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ရင်းနှီးမြှုပ်နှံသူထံ ထုတ်ပေးထားသော ခွင့်ပြုမိန့်သည် ပုဒ်မ ၉၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်အချိန်အထိ ဆက်လက်အကျိုးသက်ရောက်စေရမည်။ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် အကျိုးခံစားခွင့် ရှိစေရမည်။

၂၂၅။ ရင်းနှီးမြှုပ်နှံသူသည် ယခင်ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ရရှိထားသော ခွင့်ပြုမိန့်နှင့်အညီ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ဆက်လက်ရရှိသော်ငြားလည်း အခြားအကျိုးကျေးဇူးများ ခံစား

ရရှိလိုပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့် ရရှိစေရန် လျှောက်ထားလွှာ တင်ပြရမည်။

၂၂၆။ ယခင်ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ခွင့်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ခွင့်ပြုမိန့်ရယူထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ခွင့်ပြုမိန့်ကိုင်ဆောင်ထိန်းသိမ်းခြင်းအတွက် အကျုံးဝင်သက်ဆိုင်သော ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

၂၂၇။ ဤနည်းဥပဒေများ စတင်အကျိုးသက်ရောက်သည့်နေ့တွင်-

(က) ဥပဒေပုဒ်မ ၄၂ နှင့် အကျုံးဝင်သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူ နှင့်

(ခ) ဥပဒေ ပုဒ်မ ၉၃ တွင် ရည်ညွှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့်စပ်လျဉ်း၍ တရားဝင်ခွင့်ပြုချက် မရရှိထားသည့် ရင်းနှီးမြှုပ်နှံသူသည် ဥပဒေနှင့် ဤနည်းဥပဒေများအား လိုက်နာကြောင်း သေချာစေရန် သင့်လျော်သည့် လုပ်ငန်းအဆင့်ဆင့်အား အကူးအပြောင်းကာလအတွင်း ဆောင်ရွက်ရမည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၂၂ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အကြောင်းကြားစာပေးပို့ရန် လိုအပ်ပါက ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူဖြစ်မှသာ အကြောင်းကြားစာ ပေးပို့ရမည်။

၂၂၈။ ဤနည်းဥပဒေများတွင် အမေရိကန်ဒေါ်လာဖြင့်ဖော်ပြထားသော ငွေပမာဏကို မြန်မာကျပ်ငွေဖြင့် တွက်ချက်ရာတွင် အဆိုပါအချိန်တွင် ဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သည့် တရားဝင်ငွေလဲလှယ်နှုန်းထားအရ တွက်ချက်ရမည်။

၂၂၉။ ဥပဒေပုဒ်မ ၁၀၀ ပါ လုပ်ပိုင်ခွင့်အားကျင့်သုံး၍ ကော်မရှင်သည် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော ငွေပမာဏ သို့မဟုတ် အခြားငွေကြေးဖြင့် တိုင်းတာချက်များကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၃၀။ အခြားသက်ဆိုင်ရာဥပဒေများအား လေးစားလိုက်နာလျက် ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်ထံမှ သီးခြားခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော စက်ကိရိယာအစိတ်အပိုင်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အသုံးအဆောင်ပစ္စည်းများ တင်သွင်းနိုင်သည်။

၂၃၁။ နည်းဥပဒေ ၂၂၆ အရ ပစ္စည်းများတင်သွင်းရန် သက်ဆိုင်ရာဥပဒေများအရ လိုင်စင် သို့မဟုတ် အခြားခွင့်ပြုချက် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားချက်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဥပဒေအရ လိုအပ်ချက်များ ပြည့်မီပါက လိုင်စင်ထုတ်ပေးရမည်။

၂၃၂။ ရင်းနှီးမြှုပ်နှံမှုရပ်စဲခြင်းသည် အောက်ပါအခြေအနေများကြောင့်ဖြစ်လျှင် ဥပဒေပုဒ်မ ၇၇ (က) သို့မဟုတ် ၇၇ (ဃ) အရ ခံစားခဲ့သော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်နှင့်စပ်လျဉ်းသည့် ပုဒ်မ ၆၈ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) ရင်းနှီးမြှုပ်နှံမှုအား ဆက်လက်လုပ်ဆောင်ရန်ရည်ရွယ်သည့် အခြားရင်းနှီးမြှုပ်နှံသူတစ်ဦးထံ ရင်းနှီးမြှုပ်နှံမှုအားရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ်

(ခ) ရင်းနှီးမြှုပ်နှံသူ၏ ဆန္ဒအလျှောက်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုကို မဖြစ်မနေဖျက်သိမ်းရခြင်း။

၂၃၃။ ဥပဒေပုဒ်မ ၄၈ (ခ) နှင့်စပ်လျဉ်း၍ -

(က) ကော်မရှင်သည် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်မှုကြောင့် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ မမှန်ကန်သောဆုံးဖြတ်ချက်ပြုလုပ်ခဲ့သည်ဟု ရင်းနှီးမြှုပ်နှံသူမှ ကျိုးကြောင်းသင့်လျော်စွာ ယုံကြည်ပါက ဥက္ကဋ္ဌ သို့မဟုတ် ဤကိစ္စရပ်အတွက် သတ်မှတ်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ စာဖြင့်ရေးသား၍ ရှင်းလင်းချက် တောင်းခံနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ရှင်းလင်းချက်တောင်းခံရာတွင် ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှ ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၅ ရက်အတွင်း ရှင်းလင်းချက် တောင်းခံရမည်၊

(ဂ) ဥက္ကဋ္ဌ သို့မဟုတ် အခြားသတ်မှတ်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကော်မရှင်နှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံသူ၏ ရှင်းလင်းချက်တောင်းခံမှုကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး အဆိုပါကိစ္စရပ်အား ပြန်လည်စဉ်းစားရန် ကော်မရှင်သို့ ပြန်လည်လွှဲအပ်ကြောင်း သို့မဟုတ် ကော်မရှင် ဆုံးဖြတ်ချက်အတိုင်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူထံ စာဖြင့်ရေးသား အကြောင်းကြားရမည်။

၂၃၄။ ဤနည်းဥပဒေသည် အထူးစီးပွားရေးဇုန်ဥပဒေအရ ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ကော်မရှင် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားထားပြီး သို့မဟုတ်

ခံစားလျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုကို အထူးစီးပွားရေးဇုန်သို့ ပြောင်းရွှေ့လိုပါက ခံစားထားသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို အထူးစီးပွားရေးဇုန်တွင် ခံစားရမည့် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မှ ခုနှိမ်ရမည်။

၂၃၅။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုသည် ဤဥပဒေအရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားပြီးဖြစ်ပါက ဤဥပဒေအရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ထပ်မံခံစားခွင့် မရှိစေရ။

၂၃၆။ ဥပဒေပုဒ်မ ၃၆ အရ ခွင့်ပြုမိန့်ရယူရမည့်တာဝန်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ သို့မဟုတ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်အပါအဝင် ဤနည်းဥပဒေများ အကျိုးမသက်ရောက်မီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် တည်ဆောက်ရေးစတင်ရန် ပြည်ထောင်စု၏ ဥပဒေများအရ လိုအပ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံသူနှင့် လိုအပ်သည့်ခွင့်ပြုမိန့်၊ လိုင်စင်များအားလုံး ရယူပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံသူတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၃၇။ နည်းဥပဒေ ၂၃၆ အရ မည်သို့ပင်ဆိုစေကာမူ ဤနည်းဥပဒေများ အကျိုးမသက်ရောက်မီ တည်ဆောက်ရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စတင်ဆောင်ရွက်ပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြောင်းလဲမှုများပြုလုပ်ပြီး အဆိုပါပြောင်းလဲမှုများသည် မူလရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သီးခြားဖြစ်ပြီး ခွင့်ပြုမိန့်ရယူရန်လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုတွင် အကျုံးဝင်ပါက ရင်းနှီးမြှုပ်နှံသူသည် အဆိုပါပြောင်းလဲမှုများ မပြုလုပ်မီ ခွင့်ပြုမိန့်ရယူရန် အဆိုပြုချက် တင်ပြရမည်။

၂၃၈။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲရာတွင်ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲရာတွင်ဖြစ်စေ ကော်မရှင်သို့ အဆိုပြုချက် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာ တင်ပြရန်မလို။

ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန